

ND Burma

# တိုက်ပွဲအတွင်းမှ သွေးစည်းညီညွတ်မှု

## မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေကို သုံးသပ်ခြင်း

## 2025

ဇန်နဝါရီလ မှ ဇွန်လ အတွင်း

လူ့ အ ခွ င့် အ ရေး မှတ် တမ်း ကွန် ရက် - မြန် မာ နိုင် ငံ

office@ndburma.org https://www.facebook.com/theNDBurma www.ndburma.org

# မာတိကာ


ကျေးဇူးတင်လွှာ ၃

မိမိတို့အကြောင်း ၄

နိဒါန်း ၈

အခြေအနေအရပ်ရပ်အား ခြုံငုံသုံးသပ်ခြင်း ၉

အကျဉ်းချုပ် ၁၉

- အစမ္မဖမ်းဆီးခြင်းနှင့် ဥပဒေမဲ့ ထိန်းသိမ်းချုပ်နှောင်ခြင်း ၂၂
- လေကြောင်းတိုက်ခိုက်မှုများ ၂၃
- မြေမြှုပ်မိုင်းများ ၂၆
- ခွဲခြားမှုမရှိဘဲ မြင်မြင်သမျှပစ်ခတ်မှုများ ၂၇
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၂၈
- အတင်းအကျပ် လက်စတုန်း ဖျောက်ဖျက်ခြင်း/ပျောက်ဆုံးခြင်းများ ၃၀
- ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်း ၃၁
- အတင်းအကျပ်အလုပ်ခိုင်းစေမှု ၃၁
- လာဘ်ပေးလာဘ်ယူမှုနှင့် ငွေညှစ်ယူမှု ၃၂
- ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ ၃၃

ဖြစ်ရပ်မှန် လေ့လာမှုများ ၅၃

အကြံပြုချက်များ ၅၉

# ကျေးဇူးတင်လွှာ

ကြုံတွေ့ခဲ့ရသည့် အကြမ်းဖက်မှုများကို ရဲဝံ့စွာထုတ်ဖော် ဖြေကြားပေးသူများအား လူ့အခွင့်အရေး မှတ် တမ်း ကွန်ရက် မြန်မာနိုင်ငံ (ND-Burma) အနေဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါသည်။ အခက်အခဲ အန္တရာယ်များကြားမှ သတင်းအချက်များ မှတ်တမ်းတင် စုဆောင်းပေးသည့် ND-Burma အဖွဲ့ဝင်များနှင့် ကွင်းဆင်း မှတ်တမ်းတင်သူများအားလည်း အသိအမှတ်ပြု ကျေးဇူးတင်ပါသည်။ ND-Burma အဖွဲ့ဝင်များမှ သတင်းအချက်အလက်များပေးပို့မှု၊ ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုသည့် လူ့အခွင့်အရေးချိုး ဖောက်ခံရသူများနှင့် ၎င်းတို့၏ လုံခြုံဘေးကင်းမှုကို ခြိမ်းခြောက်နေလင့်ကစား လူ့အခွင့်အရေး ချိုး ဖောက်မှု သက်သေများကို ပူးပေါင်းကောက်ယူစုဆောင်းမှုမရှိလျှင် ယခု အစီရင်ခံစာကို ပြုစုနိုင်မည် မဟုတ်ပါ။

ယခုအစီရင်ခံစာတွင် ပါဝင်သည့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ အသံက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန် အလှမ်းဝေးနေသေးကြောင်း သတိပေးနေသည်။ မြန်မာစစ်တပ်နှင့် ၎င်းတို့ ကျော ထောက်နောက်ခံပေးထားသည့် ပြည်သူ့စစ်များက မြေပြင်တွင် ကျူးလွန်မှုနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ကျူးလွန်မှုများကို ကြုံတွေ့နေရလင့်ကစား ပြည်သူတို့၏ ကြံ့ကြံ့ခံ ရပ်တည်နိုင်မှုက မိမိတို့အတွက် တွန်းအား ဖြစ်စေသည်။

# မိမိတို့အကြောင်း

ND-Burma ၏ အဖွဲ့ဝင် ၁၃ ဖွဲ့တို့သည် တိုင်းရင်းသား၊ အမျိုးသမီး၊ လူငယ်နှင့် နိုင်ငံရေးအကျဉ်းသား ဟောင်းများကို ကိုယ်စားပြုသည်။ ၂၀၀၄ ခုနှစ်တွင် ND-Burma ကို စတင်ဖွဲ့စည်းခဲ့သည့် အချိန်မှစပြီး အဖွဲ့ဝင်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေပြီး ကျူးလွန်ခံရသည့်သူများ ကိုယ်စား တိုက်တွန်းစည်းရုံးမှုများ ဆောင်ရွက်နေသည်။ ND-Burma တွင် အဖွဲ့ဝင် ၁၀ ဖွဲ့နှင့် ဆက်စပ် အဖွဲ့ဝင် ၃ ဖွဲ့ရှိသည်။

**အဖွဲ့ဝင်များ**

၁။ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ ကွန်ဂရက်

၂။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

၃။ အနာဂတ်အလင်းတန်းဆိုမှတ်

၄။ မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း

၅။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)

၆။ တအာင်း အမျိုးသမီးအဖွဲ့အစည်း

၇။ တအာင်း ကျောင်းသားနှင့် လူငယ်များအဖွဲ့

၈။ ထားဝယ်အမျိုးသမီး သမဂ္ဂ

၉။ ချင်းလူ့အခွင့်အရေးအဖွဲ့

၁၀။ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ရက်

**ဆက်စပ်အဖွဲ့ဝင်များ**

၁။ နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် (ပဲခူးအရှေ့)

၂။ ပအိုဝ်းလူငယ်အစည်းအရုံး

၃။ ရှေ့ပြေးအသံ

## ကွင်းဆင်းမှတ်တမ်းတင်သူများ၏ အခြေအနေ

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေအရ စစ်ပွဲများနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက် မှုများ အကြီးအကျယ်ဖြစ်ပွားနေသည်။ ကွင်းဆင်းမှတ်တမ်းတင်သူများ၏ ဘေးကင်းလုံခြုံရေးမှာ အထူးရိမ်နေရပြီး လူ့အခွင့်အရေးအခြေအနေ စောင့်ကြည့်မှတ်တမ်းတင်မှုကို ထင်ထင်ပေါ်ပေါ် မဆောင် ရွက်နိုင်ပေ။ အထူးသဖြင့် တိုက်ပွဲများဖြစ်ပွားရာဒေသနှင့် တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ပါက မတရားသည့် ဥပဒေများဖြင့် အဖမ်းဆီးခံရခြင်း၊ ကိုယ်ထိ လက်ရောက် ကျူးလွန်ခံရခြင်း သို့မဟုတ် အကြမ်းဖက်လက်တုန့်ပြန်ခြင်းများ ခံရနိုင်သည်။ ND-Burma အဖွဲ့ဝင်များမှ ကွင်းဆင်းမှတ်တမ်းတင်ကြသူများသည် ထောင်ချခံရနိုင်ခြင်း၊ ပြန်ပေးဆွဲခံရ ခြင်း၊ လက်စတုန်း ဖျောက်ဖျက်ခံရခြင်း၊ ညှဥ်းပန်းနှိပ်စက်ခံရခြင်း၊ အဓမ္မပြုကျင့်ခံရခြင်းနှင့် အသတ်ခံရခြင်း စသည့် အန္တရာယ်များကြားမှ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်နေရခြင်းဖြစ်သည်။ ၎င်းတို့၏ အဖြစ်အပျက်များကို ဖြေကြားပေးသည့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများမှာလည်း အလားတူ အန္တရာယ်နှင့် ကြုံတွေ့နေရသည်။

## မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း

ND-Burma အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားအလိုက် မှတ်တမ်းတင်ရမည့် စာစောင်များအား လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်ပြုစု ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် အမှန်တကယ် ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှတ်တမ်းတင်နိုင်စေသည့် စာစောင်များဖြစ်သည်။ စစ်အာဏာရှင်တို့ ကျောထောက်နောက်ခံပေးထားသည့် လက်နက်ကိုင်အဖွဲ့များအနေဖြင့် ကျူးလွန်ခံရသူများ ဆိတ်ဆိတ်နေစေရန် ခြိမ်းခြောက် အကြပ်ကိုင်ထားသည်။ လက်ရှိဖြစ်ပေါ်နေသည့် အကြမ်းဖက်ဖိနှိပ်မှုများအား မှတ်တမ်းတင်ခြင်းသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် အထင်ကရ စိန်ခေါ်မှုလည်း ဖြစ်သည်။ အာဏာသိမ်းပြီးနောက်ပိုင်းမှစ၍ အခြေအနေများမှာ ပိုမိုရှုပ်ထွေးလာသည်။ စစ်အာဏာရှင်တို့မှ အကြမ်းဖက်မှုကို တိုးမြှင့်လုပ်ဆောင်လာပြီးနောက် ၎င်းတို့၏ ကျူးလွန်မှုများအား မှတ်တမ်းတင် သက်သေရယူသူများအပေါ် စစ်သားများက ပစ်မှတ်ထားလာကြသည်။

လက်ရှိဖြစ်ပေါ်နေသည့် မြေပြင်အခြေအနေပေါ်မူတည်ပြီး ဒေတာအချက်အလက် အရည်အသွေးမှာ ကွဲပြား သွားသည်။ အဖွဲ့အစည်းအသီးသီးအနေဖြင့် နည်းမျိုးစုံဖြင့် ဒေတာ အချက်အလက်များ ကောက်ခံသည်။ ဆိုရှယ်မီဒီယာနှင့် သတင်းဌာန စာမျက်နှာများအား စောင့်ကြည့်လေ့လာခြင်းနှင့် လူချင်းတွေ့ဆုံမေးမြန်းမှုများဖြင့် အချက်အလက် ကောက်ယူသည်။ လုံခြုံရေးအခြေအနေကို သေချာဂရုစိုက် ဆန်းစစ်ပြီးနောက် ယုံကြည်စိတ်ချရသည့် ဒေခံကွန်ရက်များ မှတဆင့် လူ့အခွင့်အရေးချိုးဖောက် ခံရသူများနှင့် တွေ့ဆုံမေးမြန်း

မှုများ ပြုလုပ်သည်။ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ မူလစိတ်ဆန္ဒအတိုင်း ပြောကြားချက်များကို မပျောက်ပျက်အောင် ထိန်းသိမ်းပြီး သတင်းအချက်အ လက်များ ခိုင်မာမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သည်။

ယခုအစီရင်ခံစာပါ သတင်းအချက်များမှာ ND-Burma အဖွဲ့ဝင်များ ကောက်ခံရရှိသည့် အပေါ်တွင်သာ အခြေခံပါသည်။ လက်ရှိပကတိ မြေပြင်တွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အားကန့်သတ်ရန် မရည်ရွယ်ပါ သို့သော်လည်း မိမိတို့အဖွဲ့ဝင်များ အခြေစိုက်သည့် ဒေသများနှင့် လက်လှမ်းမီကောက်ယူနိုင်မှုအပေါ် အခြခံ၍ မြေပြင်အခြေအနေနှင့် သုံးသပ်မှုများကို တင်ပြထားခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ယခုအစီရင်ခံသည့် ကာလအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုး ဖောက်မှု အကုန်လုံးကို ခြုံငုံသုံးသပ်ထားခြင်းမဟုတ်ဘဲ မိမိတို့ အဖွဲ့ဝင်များ အခြေစိုက်သည့် ဒေသအ သီးသီး တွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးအခြေအနေကိုသာ အကျဉ်းချုပ် သုံးသပ်ထားဖြစ်သည်။

## အချက်အလက် စီမံခန့်ခွဲမှု

မြေပြင်တွင် သတင်းအချက်အလက် ကောက်ယူမှတ်တမ်းတင်သူများက ဖြစ်ရပ်များအား သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးပို့သည်။ ထို့နောက် ND-Burma ၏ ဒေတာဘေ့စ်အတွင်းသို့ အချက်အလက် များ ထည့်သွင်းသိမ်းသည်။ ND-Burma ၏ အချက်အလက်စီမံခန့်ခွဲမှုအဖွဲ့ (Data Management team) က ယခုအစီရင်ခံစာသည့် ကာလအတွက် သက်ဆိုင်သည့် သတင်းအချက်များကို သုံးသပ်ခြင်း နှင့် ရွေးထုတ်ခြင်း ပြုလုပ်သည်။ ယခုအစီရင်ခံစာကာလအတွင်း ရရှိသော်လည်း အချိန်ကာလ မတူ သည့် တခြားသတင်းအချက်များအား မြန်မာနိုင်ငံ၏ သမိုင်းဆိုင်ရာ လူ့အခွင့်အခွင့်အရေး အဖြစ်အ ပျက်များအဖြစ် အသုံးပြုနိုင်ရန် ဒေတာဘေ့စ်အတွင်း ထည့်သွင်းသိမ်းထားသည်။

## လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ

ND-Burma အဖွဲ့ဝင်များ ထိထိရောက်ရောက် မှတ်တမ်းတင်နိုင်စေရန်အတွက် လူ့အခွင့်အရေးမှတ် တမ်းတင်ခြင်း လက်စွဲစာစောင်များအား ပြုစုထားပြီး အောက်ပါ ခေါင်းစဉ်များ ပါဝင်သည်။

- သတ်ဖြတ်ခြင်းနှင့် လက်စတုန်းဖျောက် ဖျက်ခြင်း
- စစ်လက်နက်များဖြင့် တိုက်ခိုက်ခြင်း
- အတင်းအဓမ္မဖမ်းဆီးခြင်းနှင့် ထိန်းသိမ်း ခြင်း
- အတင်းအကြပ် စစ်သားစုဆောင်းခြင်း နှင့် ကလေးစစ်သားအသုံးပြုခြင်း
- မုဒိန်းပြုကျင့်ခြင်းနှင့် တခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ
- ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော လူမဆန်သောနည်းများဖြင့် ပြုမူခြင်း
- လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို နှောင့်ယှက်ခြင်း
- လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် စုရုံးခွင့် ကို တားဆီးခြင်း
- အတင်းအကြပ် ရွှေ့ပြောင်းစေခြင်း
- အတင်းအကြပ် လက်ထပ်စေခြင်း
- အတင်းအကြပ် ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း
- လူကုန်ကူးခြင်း
- အတင်းအဓမ္မလုပ်အားပေး စေခိုင်း ခြင်း
- ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအပေါ် ချိုးဖောက် ခြင်း
- အထွေထွေ မှတ်တမ်းတင်ခြင်း

# နိဒါန်း

ယခုအစီရင်ခံစာပါ မှတ်တမ်းများကို ND-Burma အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအ တွင်း မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ တင်ပြထားသည့် အချက်အလက် ကိန်းဂဏာန်းများမှာ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မိမိတို့အဖွဲ့ဝင်များ၏ မှတ်တမ်းများအပေါ်အခြေခံပါသည်။ ND-Burma အဖွဲ့ဝင်များ၏ မှတ်တမ်းများနှင့် တခြားသုတေသနများကို ပေါင်းစပ်ပြုစုထားခြင်းဖြစ်သည်။ စစ်အာဏာရှင်တို့၏ တရားမျှတမှုမရှိသည့် အကြမ်းဖက် ချိုးဖောက်မှုများမှာ ငြင်းဆို၍ မရနိုင်ဘဲ နိုင်ငံ တကာမှလည်း ထိထိရောက်ရောက် တုန့်ပြန်ရန် လိုအပ်ပါသည်။

မြန်မာစစ်တပ်နှင့် ၎င်းတို့၏ လက်အောက်ခံ ပြည်သူ့စစ်များ၏ ကျူးလွန်မှုများ အပြင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးတပ်တို့မှ ကျူးလွန်သည့် ဖြစ်ရပ်မှန်များ၊ အင်တာဗျူး၊ သက်ဆိုင်ရာ အစီရင်ခံစာများနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များကို ယခုအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ သို့သော်လည်း သတိပြုရမည်မှာ ယခုအစီရင်ခံစာပါ ချိုးဖောက်မှု အများဆုံးကို မြန်မာစစ်အာဏာရှင်တပ်များက ကျူးလွန်ခြင်းဖြစ်သည်။

မြန်မာစစ်တပ်အနေဖြင့် အရပ်သားပြည်သူများအပေါ် အဆိုးစွန်ဆုံး ရက်စက် ကြမ်းကြုတ်မှုများဖြင့် ကျူးလွန်နေသည်ကို ND-Burma အဖွဲ့ဝင်များမှ လေ့လာသတိပြုမိသည်။ မြို့ပြနှင့် ကျေးလက် တော ရွာများရှိ လူ့အခွင့်အရေး အခြေအနေကို ND-Burma အဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူ လူထုနှင့်အတူ ပူးပေါင်း၍ စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်သည်။ တိကျသည့် ရှုထောင့်မှ လူ့အခွင့်အရေး ချိုး ဖောက်မှုများကို ND-Burma မှ ဆန်းစစ်လေ့လာ ဖော်ထုတ်သော်လည်း ကျယ်ပြန့်သည့် ပဋိပက္ခမှာ ဆက်လက်၍ ပြင်းထန်နေဆဲဖြစ်သည်။

အစီရင်ခံစာပါ လူ့အခွင့်အရေးချိုးဖောက်မှု စာရင်းများအတိုင်း ချိုးဖောက်ခံရသူများ၏ ဘဝမှာ စစ်တပ် ၏ ဖြတ်လေးဖြတ်နှင့် ပြည်တွင်းစစ်ကြောင့် ရစရာမရှိအောင် လူ့အသက်နှင့် ဘဝများ ပျက်စီး ဆုံးရှုံးရ၊ ယတိပြတ် ပြောင်းလဲသွားခဲ့ရ (သို့) ကွယ်ပျောက်ခဲ့ရသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရသူ တဦးချင်း အားမိမိတို့မှ အလေးအနက် ဂုဏ်ပြုပါသည်။ ND-Burma အဖွဲ့အစည်းများ တည်ရှိနေသည့် ဒေသများ တွင် ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများအား အထူးဂရုပြု၍ မြန်မာနိုင်ငံတဝှန်း လူ့အခွင့်အရေး ချိုး ဖောက်မှု အခြေအနေများအား ပုံမှန်အစီရင်ခံစာများထုတ်ပြန်၍ မီးမောင်းထိုးပြနေသည်။ သိသာထင် ရှားသည့် ချိုးဖောက်မှုများရှိနေလင့်ကစား ရာဇဝတ်မှုများနှင့် သက်သေအထောက်အထားများအား ရည်မှန်းချက်ထား၍ ဖလှယ်ဝေငှနေသည်။

# အခြေအနေအရပ်ရပ်အားခြုံငုံသုံးသပ်ခြင်း

၂၀၂၅ ဇွန်လကုန်တွင် ကျင်းပသည့် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Volker Turk မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်၍ "စစ်ပွဲများကြောင့် ဖိနှိပ်မှုနှင့် ဆင်းရဲဒုက္ခများ နက်ရှိုင်းသထက် နက်ရှိုင်းလာသည်[၁]" ဟု ပြောဆိုသည်။ စစ်အာဏာရှင်တို့ ကြောင့် အရပ်သားပြည်သူများအပေါ် အကာအကွယ်ပေးမှုများနှင့် အခြေခံအခွင့်အရေးများ လျော့နည်းလာနေပြီး၊ စစ်တပ်အား လက်နက်တင်ပို့ရောင်းချမှုနှင့် လေယာဉ်ဆီတင်ပို့ ရောင်းချမှုအပေါ် ပိတ်ပင်ရန် အရပ်ဖက်အဖွဲ့အစည်းများမှ အစိုက်မတ်မတ် တောင်းဆိုနေသော်လည်း နိုင်ငံတကာ အင်အားစုများမှ လျစ်လျူရှုပြီး အရေးယူရန် ပျက်ကွက်နေသည်။ ၂၀၂၄ ခုနှစ်အကုန်တွင် ကုလသမဂ္ဂ ကျွမ်းကျင်သူများက မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေအား လျစ်လျူရှုနေခြင်းမှ ရပ်ဆိုင်းရန် တောင်းဆို ကြေငြာကြသည်[၂]။

တိတ်ဆိတ်နေမှုနှင့် အဓိပ္ပါယ်ရှိသည့် ဝင်ရောက်တားဆီးမှု မရှိသည့်အတွက် မြန်မာစစ်တပ်မှ တိုင်းပြည်တဝှမ်းရှိ အပြစ်မဲ့ပြည်သူများအပေါ် အညှာအတာကင်းမဲ့စွာ အကြမ်းဖက်လျှက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေ ဖော်ဝါရီ ၁ ရက် တိုင်းပြည်အာဏာကို သိမ်းပိုက်ရန် ကြိုးပမ်းချိန်မှစ၍ ပြည်သူ ၃.၅ သန်းမှာ အိုးအိမ်စွန့် ခွာ၍ ယာယီစစ်ရှောင်စခန်းများ (သို့) တောတောင်များနှင့် ဝေးလံခေါင်သီသည့် နေရာများတွင် ခိုလှုံနေရသည်[၃]။ ၎င်းတို့အထဲတွင် ကလေး ၃၃% (ခန့်မှန်းခြေ ၁.၅ သန်း) ပါဝင်သည်[၄]။ စစ်အာဏာရှင်တို့ကမူ စစ်ရှောင်စခန်းများ၊ ဆေးခန်းများ၊ ကျောင်းနှင့် ဘာသာရေး အဆောက်အအုံများကို တိုက်ခိုက်နေခြင်း မှ ရပ်တန့်မသွားခဲ့ပေ။ ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ မှ ဇူလိုင်လ ၇ ရက်အတွင်းတွင်ပင် ရှမ်းပြည်မြောက်ပိုင်း တွင် တိုက်ပွဲများကြောင့် ပြည်သူ ၉၀၀ ကျော် စစ်ပြေးဒုက္ခသည်များအဖြစ် ရွှေ့ပြောင်းနေထိုင် ကြရသည်[၅] ။ မြန်မာစစ်တပ်၏ နှစ်ပေါင်းရှည်ကြာစွာ ခွဲခြားဖိနှိပ်ခံရသည့် ရိုဟင်ဂျာများမှာလည်း ကောက်ဘ ဇားရှိ ဒုက္ခသည်စခန်းများတွင် ဆက်လက်နေထိုင်ကြရသည်။ ထိုစခန်းများတွင် အဟာရချို့တဲ့မှု၊ ငတ် မွတ်မှု၊ လူနေမှုအဆင့်အတန်း နိမ့်ကျမှုနှင့်အတူ လုံခြုံရေးပြသနာ အရပ်ရပ်ကို တွေ့ကြုံကြရသည်[၆]။

၂၀၂၅ နှစ်အစဖြစ်သည့် ဖေဖော်ဝါရီ ၂၅ နှင့် ၂၆ ရက်တို့တွင် မကွေးနှင့် စစ်ကိုင်းရှိ ဘုန်းကြီးကျောင်းအတွင်း မင်္ဂလာပွဲကျင်းပနေချိန် လေကြောင်းတိုက်ခိုက်ခံရသည်[၇]။ Myanmar Witness ၏ စောင့်ကြည့် လေ့လာမှုအရ လွန်ခဲ့သည့်နှစ်ဝက်ခန့်အတွင်း စာသင်ကျောင်းများအား ဆိုးရွားပြင်းထန်သည့် တိုက်ခိုက် မှု ၁၇၄ ကြိမ်ရှိခဲ့ပြီး ၃၁ % မှာ ရေရှည်တည်တံ့ရန် စိုးရိမ်ရသည့် ပျက်စီးဆုံးမှုနှင့် ၉% မှာ လုံးဝဥဿုံ ပျက်စီးသွားခြင်း

1. Myanmar human rights crisis deepens as aid collapses, attacks intensify, UN News, 27 June 2025
2. UN experts say world must stop ignoring Myanmar, Radio Free Asia, 2 December 2024
3. Internal Displacement Monitoring Center, Myanmar
4. Rising Death Toll Among Children, Women, and Civilians After the Coup, Burma News International, 14 February 2025
5. Myanmar UNHCR Displacement Overview, 7 July 2025
6. Press Statement World Refugee Day 2025 – Solidarity with Refugees Day 2025, Progressive Voice, 20 June 2025
7. Sacred but not safe: Documenting airstrikes on religious and ceremonial gatherings, Myanmar Witness, 23 June 2025

ဖြစ်သည်[၈]။ ဤကိန်းဂဏန်းများသည် ပိုမိုဆိုးရွားလာသော အကြမ်းဖက်ပဋိပက္ခကြောင့် နေရာရွှေ့ပြောင်း ခံရသူများနှင့် အားနည်းသောအုပ်စုများ အထူးသဖြင့် လုံခြုံရေးနှင့် ဘေးကင်းမှုအပေါ် အန္တရာယ်များစွာကို ရင်ဆိုင်နေရသော မိန်းမများနှင့် ကလေးများ အပေါ် ထိခိုက်ပျက်စီးမှု အလွန်ကြီးမားကြောင်းကို ထင်ဟပ်ဖော်ပြထားပါသည်။

ဤအန္တရာယ်များသည် ထင်ရှားစွာ တိုးမြင့်လာခဲ့ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း ၂၀၂၄ ခုနှစ်သည် အရပ်သားများအတွက် အဆိုးရွားဆုံးနှစ် ဖြစ်စေခဲ့ပါသည်[၉]။ စစ်အာဏာသိမ်း စစ်အာဏာ ရှင်အဖွဲ့သည် ဒေသခံအရပ်သား အခြေခံအဆောက်အအုံများကို ဆက်လက်ပစ်မှတ်ထား တိုက်ခိုက်နေသဖြင့် အရပ်သားများသည် မိမိတို့အသက်အန္တရာယ်အတွက် အမြဲတမ်း ကြောက်ရွံ့စိုးရိမ်နေရပြီး နောက်တစ်ကြိမ်တိုက်ခိုက်မှုသည် ဘယ်အချိန်တွင် ဖြစ်လာမည်၊ မိမိတို့ လွတ်မြောက်နိုင်မှု ရှိ၊ မရှိ ကို စိုးရိမ်ကြောက်ရွံ့လျှက် နေထိုင်နေကြရပါသည်။

ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခကြောင့် ပြည်တွင်း စစ်ဘေးရှောင်များ (IDPs) နှင့် ပဋိပက္ခကြောင့် ထွက်ပြေးရသူ ဒုက္ခသည်များအတွက် အခြားသော စိန်ခေါ်မှုများလည်း ပိုမိုများပြားလာခဲ့သည်။ စစ်အာ ဏာသိမ်းအဖွဲ့နှင့် လက်နက်ကိုင် တော်လှန်ရေးအင်အားစုများအကြား ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ကျေးရွာများသည် စစ်မြေပြင်များအဖြစ် ပြောင်းလဲသွားခဲ့ပြီး အစားအသောက်၊ ဆေးဝါး၊ အမိုး အကာနှင့် သန့်ရှင်းသောရေ ရရှိနိုင်မှုသည် အကြီးအကျယ် ကန့်သတ်ခံနေရသည်။ ထို့ပြင် စစ်တပ်၏ စီး ပွားရေးစီမံခန့်ခွဲမှု လွဲမှားမှုများကြောင့် ဖြစ်ပေါ်လာသော ငွေဖောင်းပွမှု အလယ်တွင် ကုန်ဈေးနှုန်းများ လည်း အလွန်မြင့်တက်လာခဲ့ပါသည်။ ထို့ကြောင့် လူသန်းပေါင်းများစွာသည် ပြန်လည်အဖတ်ဆည် မရ နိုင်သည့် ဆင်းရဲနွမ်းပါးမှုအဆင့်သို့ တွန်းပို့ခံနေရသည်[၁၀]။

စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း အရပ်သားများ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများ အ ပြင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ပြင်းထန်သည့် မြေငလျင်ကြီးသည် ယခင်က တည်းက စိတ်ဒဏ်ရာများနှင့် ရုန်းကန်နေရသူများ၏ နာကျင်မှုကို ပိုမိုတိုးမြှင့်စေခဲ့သည်။ အထူးသဖြင့် ထရမ့်အစိုးရက ကြေညာခဲ့သော USAID ရန်ပုံငွေ လျှော့ချမှုများအလယ်တွင် အခြေအနေသည် ပိုမိုဆိုး ရွားလာခဲ့သည်။ အထိခိုက်အများဆုံးဒေသများမှာ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့ဖြစ်ပြီး မြို့နယ်များ ၏ ၈၀ ရာခိုင်နှုန်းခန့် ပျက်စီးသွားခဲ့သည်[၁၁]။ လူပေါင်း ၃,၀၀၀ ကျော် သေဆုံးခဲ့ပြီး လူအများအပြား ထိ ခိုက် ဒဏ်ရာရရှိကာ ပျောက်ဆုံးနေဆဲဖြစ်သည်[၁၂]။ ထိခိုက်သက်ရောက်ခံရသော ဒေသများတွင် နေထိုင် နေသည့် လူပေါင်း ၁၇ သန်းသည် အရေးပေါ်နှင့် ရေရှည်ကူညီထောက်ပံ့မှုများကို လိုအပ်နေသည်။

8. Myanmar's education crisis deepens under military rule, East Asia Forum, 13 December 2024
9. Rising Death Toll Among Children, Women, and Civilians After the Coup, Burma NEws International, 14 February 2025
10. Poverty and the Household Economy of Myanmar: a Disappearing Middle Class, United Nations Development Programme, 11 April 2024
11. Earthquake destroys 80 per cent of Myanmar's Sagaing township, Burma News International, 31 March 2025
12. Myanmar earthquake death toll rises to 3,354 Thousands injured and missing, Caliber AZ, 5 April 2025

မြေငလျင်အပြီးတွင် တော်လှန်ရေးအဖွဲ့အစည်းအချို့မှ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ကြပြီး စစ်အာဏာသိမ်းအဖွဲ့ကလည်း မကြာမီ အလားတူ ကြေညာခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲမှုကို လျှင်မြန်စွာ ချိုးဖောက်ခဲ့သည်။ ND–Burma အဖွဲ့ဝင်ဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) ၏ အစီရင်ခံစာအရ ဧပြီလ ၁၀ ရက်နေ့ အချိန်ညသန်းခေါင်တွင် တီးတိန်မြို့နယ်ရှိ အရပ်သားပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ကလေးလေးဦးနှင့် လူကြီးနှစ်ဦး သေဆုံးခဲ့သည်။ အရပ်သားတစ်ဦးမှာ စိုးရိမ်ရသည့် ဒဏ်ရာ ရရှိခဲ့ပြီး အိမ်သုံးလုံးမှာ ပြန်လည်အသုံးမပြုနိုင်အောင် ပျက်စီးသွားခဲ့ကာ အခြား အိမ်ဆယ်လုံးလည်း ထိခိုက်ပျက်စီးခဲ့သည်။ မင်းတပ်မြို့နယ်တွင်လည်း သီးခြား လေကြောင်းတိုက်ခိုက်မှုတရပ်ကြောင့် ကလေးနှစ်ဦး အပါအဝင် လူခြောက်ဦး သေဆုံးခဲ့သည်[၁၃]။ နှစ်စဉ် ကျင်းပလေ့ရှိသော ရိုးရာနှစ်သစ်ကူးပွဲတော်များ ကျင်းပနေစဉ် ဧပြီလလယ်ပိုင်းတွင်ပင် စစ်အာဏာ သိမ်းအဖွဲ့သည် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများအပေါ် လေကြောင်းတိုက်ခိုက်မှုများအပါအဝင် တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်ခဲ့၍ ဘုရားကျောင်းများသို့ ပြည်သူများ သွားရောက်လေ့ရှိသော ပွဲတော်ကာလအတွင်း သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာများ နိုင်ငံနှင့်အဝှန်း ဖြစ်ပွားခဲ့သည်[၁၄]။

အဆက်မပြတ် ပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားနေခြင်းကြောင့် မိသားစုများသည် မိမိတို့၏ ကလေးများကို ကျောင်းသို့ ပို့ရန် လွန်စွာ စိုးရိမ်နေကြရသည်။ ယမန်နှစ်က ပညာရေးဆိုင်ရာ အဆောက်အအုံများအပေါ် တိုက်ခိုက်မှု လေးကြိမ် ဖြစ်ပွားခဲ့ပြီး လူငယ် ၄၅ ဦး သေဆုံးခဲ့ သည်။ ၂၀၂၄ ခုနှစ်တွင်လည်း ကျောင်းများအပေါ် တိုက်ခိုက်မှု ရှစ်ကြိမ် ဖြစ်ပွားခဲ့ကာ လူ ၅၀ ဦး သေဆုံးခဲ့သည်[၁၅]။

ကရင်နီပြည်နယ်တွင် ကျောင်းထွက်နှုန်း တိုးမြင့်လာနေသည့်အပြင် ပညာဆက်လက်ဆည်းပူးရန် စိတ် အားထက်သန်မှုနှင့် လှုံ့ဆော်မှုများလည်း လုံလောက်မှု မရှိသေးပါ[၁၆]။ ဒေသခံ ကရင်နီ အရပ်ဖက် အဖွဲ့အစည်းများသည် လူထုအသိပညာမြှင့်တင်ရေး လှုပ်ရှားမှုများ ပြုလုပ်ခြင်းနှင့် ပညာရေးအတွက် ကွာဟချက်များကို ဖြည့်ဆည်းပေးခြင်းများမှတဆင့် ကျောင်းသားကျောင်းသူများ ဆက်လက်သင် ယူနိုင်ရန် အားပေးကူညီလျက်ရှိသည်[၁၇]။

စစ်အာဏာရှင်တို့မှ အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေမှုကြောင့် အရပ်သားများအတွက် သိသာ ထင်ရှားသော ခြိမ်းခြောက်မှုတရပ်အဖြစ် ရှိနေပြီး ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝကို ကိုယ်တိုင် ထိန်းချုပ် နိုင်မှုအား အတားအဆီး ဖြစ်ပေါ်စေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် ဆယ်စုနှစ်တခုကျော်ခန့် မတိုင်မီကတည်းက အသက်ဝင်ခဲ့သော်လည်း ၂၀၂၄ ခုနှစ်အစတွင်မှ အကောင်အထည်ဖော်ခဲ့သည်။

13. See X: Chin Human Rights Organization, 10 April 2025
14. 11 killed as Myanmar junta bombs Buddhist monasteries during new year festivities, Radio Free Asia, 15 April 2025
15. Myanmar: At least 24 civilians killed, including 22 children and 102 injured by junta air strike on school in Depayin township, Sagaing, Action on Armed Violence, 16 May 2025
16. School Dropout Rate Reaches 50% Among School-Aged Youth in Somo Preh Soe Leh (Shardaw), Burma NEws International, 24 April 2025
17. Silent Warriors, Karenni National Women's Organization, March 2025

ND–Burma ၏ အစီရင်ခံစာတစ်စောင်တွင် အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေမှုကြောင့် လိင်အခြေပြု သက်ရောက်မှုများကို လေ့လာ ဆန်းစစ်ထားပြီး *“မိသားစုများကို ဖျက်ဆီးသကဲ့သို့ ဖြစ်စေကာ အထူး သဖြင့် မိခင်များနှင့် အသက်ကြီးရွယ်အို အမျိုးသမီးများကို ပိုမိုနက်ရှိုင်းသော ဆင်းရဲနွမ်းပါးမှုနှင့် မသေ ချာမှုအတွင်းသို့ တွန်းပို့နေသည်။ ၎င်းတို့အား အသက်ရှင်သန်နိုင်ရေးအတွက် မထောက်ပံ့နိုင်ခြင်းနှင့် ငွေကြေးဝန်ထုပ်ဝန်ပိုးများ ကြီးမားလာခြင်းကြောင့် သူတို့သည် အခြားရွေးချယ်စရာမရှိတော့ဘဲ ကြောက်ရွံ့မှု၊ အကြွေးဝန်ထုပ်ဝန်ပိုးနှင့် မျှော်လင့်ချက်ကင်းမဲ့မှုတို့အတွင်းတွင်သာ နေထိုင်ရကြောင်း”* ဖော်ပြထားသည်[၁၈]။

စစ်အာဏာရှင်တို့၏ အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေမှုကို ND–Burma အဖွဲ့ဝင်ဖြစ်သော မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM) မှလည်း သက်သေအဖြစ် စနစ်တကျ မှတ်တမ်းတင်ထားသည်။ မေလ လစဉ်သုံးသပ်ချက်အရ မွန်ပြည်နယ်ရှိ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များတွင် လူငယ်အမျိုးသား များကို စစ်တပ်မှ ပိုမိုပစ်မှတ်ထားလာပြီး ကြမ်းတမ်းသော “ရပ်တန့်စစ်ဆေးမှု” နှင့် မတရားဖမ်းဆီးမှု များ ပြုလုပ်နေကြောင်း ဖော်ပြထားသည်[၁၉]။

HURFOM က “ဤအလွဲသုံးစားပြုမှုများသည် စစ်တပ်အင်အား လျော့နည်းလာမှုကို ဖြည့်တင်းရန် အာဏာသိမ်း စစ်တပ်၏ စနစ်တကျ ပြုလုပ်သည့် လုပ်ရပ် တစိတ်တပိုင်းအဖြစ် ငွေညှစ်ယူခြင်း၊ လူဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေခြင်းတို့ လုပ်ဆောင်သည်ကို တွေ့ရှိရ သည်” ဟု ရေးသားထားသည်[၂၀]။

ပဋိပက္ခ ပြင်းထန်လာခြင်းကြောင့် လိင်အခြေပြု သက်ရောက်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အလွန်အန္တရာယ်ကြီးမားလာခဲ့သည်။ အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေမှုအပြင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပျောက်ဆုံးသွားပြီး နောက်ပိုင်းတွင် ကိုယ်ခန္ဓာပေါ်တွင် ပြင်းထန်သော ထိခိုက်ဒဏ်ရာများဖြင့် တွေ့ရှိရသည့် ဖြစ်ရပ်များလည်း ဖြစ်ပွားနေပါသည်[၂၁]။ ဥပဒေစိုးမိုး မှုနှင့် စနစ်တကျ အုပ်ချုပ်မှု အပြည့်အဝ မရှိခြင်းကြောင့်လည်း ပြစ်မှုကျူးလွန်သူများနှင့် စစ်အာဏာ ရှင်တို့မှ ထောက်ခံ ပံ့ပိုးပေးထားသည့် လူမိုက်ဂိုဏ်းအဖွဲ့များသည် တရားမျှတမှုနှင့် တာဝန်ယူမှုမှ ရှောင် ရှားနိုင်ရန် ပိုမိုရဲတင်းလာခဲ့သည်။

HURFOM ၏ “Voice Up” စီးရီးအစီရင်ခံစာအရ ၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ မွန်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ပစ်မှတ်ထားဒေသများတွင် စစ်အာဏာသိမ်းပြီးနောက် အမျိုးသမီး ၂၂၅ ဦး သေဆုံးခဲ့ကြောင်း၊ ထို့အပြင် ၄၉၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၂၆၀ ဦး မတရား ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း အစီရင်ခံထားသည်[၂၂]။

18. The Enlistment of Women: Gendered Impacts of Forced Conscription By the Military Junta, The Network for Human Rights Documentation - Burma, 23 April 2025
19. Monthly Overview of the Human Rights Situation in Mon State, Karen State and the Tanintharyi Region, Human Rights Foundation of Monland, May 2025
20. Ibid
21. Teen Girl Disappearances Highlight Lack of Security, Burma News International, 14 July 2025
22. Voice Up: A Gendered Overview of the Human Rights Situation in Southeastern Burma Issue 2, Volume 2 | 2025 April - June 2025, The Human Rights Foundation of Monland

ပဋိပက္ခနှင့် ဆက်နွယ်သော လိင်အခြေပြု အကြမ်းဖက်မှုများလည်း တိုးမြင့်လာနေပါသည်။ အမျိုးသမီး များအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB) ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် မေလအထိ ဖြစ်ရပ်ပေါင်း ၉၆၃ မှု မှတ်တမ်းတင်ထားပြီး အမှန်တကယ် ဖြစ်ပွားသည့် အရေအတွက်မှာ ယင်းထက် ပိုမိုမြင့်မားနိုင်ကြောင်း ခန့်မှန်းထားသည်[၂၃]။

တရားမျှတမှုကို ရယူနိုင်ရန် ကြိုးပမ်းရာတွင်လည်း အတားအဆီးများစွာ ရှိနေပါသည်။ ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ကျူးလွန်သူများ၏ ပြန်လည်လက်စားချေမှုကို ကြောက်ရွံ့ရခြင်း၊ မြန်မာ စစ်တပ်မှ ကျူးလွန်သူများအပေါ် တရားစွဲဆိုနိုင်မည့် လမ်းကြောင်းများ မရှိခြင်း၊ ငွေကြေးဝန်ထုပ်ဝန်ပိုးများခြင်း၊ လူမှုရေးအမည်းစက်များနှင့် ရှည်လျားပြီး မရင်းနှီးသည့် တရားရုံး လုပ်ထုံးလုပ်နည်းများ စသည့် အခက်အခဲများ ကြုံတွေ့နေရသည်[၂၄]။

အမျိုးသမီးအခွင့်အရေးအတွက် ရုန်းကန်ကြိုးပမ်းမှုသည် ဒေသခံ အမျိုးသမီးအခွင့် အရေး အဖွဲ့အစည်းများ ဦးဆောင်သော ကာလကြာရှည် လှုပ်ရှားမှုတစ်ရပ်ဖြစ်ပြီး စိန်ခေါ်မှုများ ပြင်းထန်သည့် ကာလ များတွင်လည်း အင်အားနှင့် ညီညွတ်မှု၏ ဒေါက်တိုင်အဖြစ် ဆက်လက် ရပ်တည်လျှက်ရှိသည်။

စစ်အာဏာရှင်တို့သည် အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေမှုမှတစ်ဆင့် ၎င်းတို့၏ စစ်အင်အားကို မတော် မတရားသော နည်းလမ်းများဖြင့် တိုးချဲ့ရန် ကြိုးပမ်းနေသကဲ့သို့ လာမည့် ၂၀၂၅ ခုနှစ် အတုအယောင် ရွေးကောက်ပွဲကိုလည်း ၎င်းတို့တွင် တရားဝင်မှုရှိကြောင်း တောင်းဆိုနိုင်ရန် ရည်ရွယ် ချက်ရှိရှိ ဆောင် ရွက်နေခြင်းဖြစ်သည်။ ဤလုပ်ရပ်များကို အရပ်ဖက် အဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် ရှုတ်ချ ထားပြီး ထိုသို့လုပ်ဆောင်ချက်များကို "နိုင်ငံရေးပြဇာတ်"[၂၅] နှင့် "ရယ်စရာကောင်းသော လှုပ်ရှားမှုများ"[၂၆] ဟု ခေါ်ဆိုကြသည်။

စစ်အာဏာရှင်တို့သည် မဲစာရင်းများကို အလျှင်အမြန် ပြုစုခြင်းနှင့် မဲပေးစက်များ ခင်းကျင်း ပြသ နေစဉ်[၂၇] တစ်ဖက်တွင် ပဋိပက္ခများ ဆက်လက် ပြင်းထန်နေပြီး လူသန်းပေါင်းများစွာသည် အသက်ကယ်ဆယ်ရေး လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လိုအပ်လျှက်ရှိသည်။ အာဆီယံ (ASEAN) အပါအဝင် ဒေသတွင်း ခေါင်းဆောင်များအား စစ်အာဏာသိမ်းအဖွဲ့၏ လှည့်ကွက်များကို မယုံကြည်ဘဲ မြေပြင်အဆင့် ခေါင်းဆောင်များအပါအဝင် ဒေသခံအစုအဖွဲ့များ ဦးဆောင်နေသည့် တော်လှန်ရေးလှုပ်ရှားမှုကို ထောက်ခံပံ့ပိုးရန် တိုက်တွန်းထားသည်[၂၈]။

23. Speaking Truth to Power, the Women's League of Burma, 21 June 2025
24. Neglected Suffering : Sexual violence and barriers to justice faced by villagers in Southeast Burma since the 2021 coup, 23 December 2024
25. Weekly Highlight: Sham Election Under Fire, Progressive Voice, 19 June 2025
26. Don't fall for the fake election in Myanmar, East Asia Forum, 11 October 2024
27. Weekly Highlight: Sham Election Under Fire, Progressive Voice, 19 June 2025
28. ASEAN Must Protect, Not Neglect Human Rights in Burma, Network for Human Rights Documentation - Burma, May 2025

ထို့အပြင် ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ ပထမခြောက်လကာလအတွင်း လွှမ်းခြုံထားသည့် ဤနှစ်ဝက် အစီရင်ခံစာတွင် ပါဝင်သည့် ဖြစ်ရပ်များသည် တရားမျှတမှုကို အာမခံနိုင်ရန်အတွက် သက်သေအထောက်အထားများ ထိန်းသိမ်းထားရန် ND-Burma အဖွဲ့ဝင်များ၏ သံန္နိဋ္ဌာန်နှင့် မှတ်တမ်းတင်ရေးကြိုးပမ်းမှုများအဖြစ် မီးမောင်းထိုးပြနေသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုအလိုက် ကျူးလွန်ခံရသူ အရေ အတွက်

| | ကျား | မ | ကလေး | အခြား | မည်သူမှန်းမသိ | စုစုပေါင်း | | ကျား | မ | ကလေး | အခြား | မည်သူမှန်းမသိ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စစ်လက်နက်ဖြင့် တိုက်ခိုက်မှု | *သေဆုံးမှု* | | | | | | | *ဒဏ်ရာရမှု* | | | | | |
| လေကြောင်း တိုက်ခိုက်မှု | ၂၁ | ၁၅ | ၁၂ | ၀ | ၇ | ၅၅ | | ၃၃ | ၂၇ | ၁၈ | ၀ | ၄၁ | ၁၁၆ |
| အရှန်းဖြင့် တိုက်ခိုက်မှု | ၄ | ၀ | ၀ | ၀ | ၀ | ၄ | | ၆ | ၀ | ၀ | ၀ | ၀ | ၆ |
| လက်နက်ကြီးဖြင့် တိုက်ခိုက်မှု | ၁၈ | ၁၀ | ၄ | ၀ | ၀ | ၃၂ | | ၂၁ | ၂၂ | ၁၁ | ၀ | ၂ | ၅၆ |
| လက်နက်ငယ်ဖြင့် တိုက်ခိုက်မှု | ၈ | ၁ | ၁ | ၀ | ၀ | ၁၀ | | ၁ | ၁ | ၀ | ၀ | ၀ | ၂ |
| မြေမြှုပ်မိုင်း | ၆ | ၀ | ၁ | ၀ | ၀ | ၇ | | ၉ | ၅ | ၉ | ၀ | ၀ | ၂၃ |
| စုစုပေါင်း | ၅၇ | ၂၆ | ၁၈ | ၀ | ၇ | ၁၀၈ | | ၆၇ | ၅၅ | ၃၈ | ၀ | ၄၃ | ၂၀၃ |

## ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ

| | ကချင် | ကရင်နီ | ကရင် | ချင်း | မွန် | ရခိုင် | ရှမ်း | စစ်ကိုင်း | မကွေး | မန္တလေး | ပဲခူး | ရန်ကုန် | တနင်္သာရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စစ်လက်နက်ဖြင့် တိုက်ခိုက်မှု | | | | | | | | | | | | | | |
| လေကြောင်း တိုက်ခိုက်မှု | | ၁ | ၁၀ | ၁၂ | ၄ | ၁ | ၂ | ၂ | ၁ | ၃ | ၃ | | ၁၅ | ၅၄ |
| အရှန်းဖြင့် တိုက်ခိုက်မှု | | | ၁ | | ၂ | | ၁ | | ၂ | | | | ၁ | ၇ |
| လက်နက်ကြီးဖြင့် တိုက်ခိုက်မှု | | | ၁၂ | ၁ | ၁၇ | | | ၁ | | | ၂ | | ၁၆ | ၄၉ |
| လက်နက်ငယ်ဖြင့် တိုက်ခိုက်မှု | | | | | ၄ | | ၂ | ၂ | | | | | ၂ | ၁၀ |
| မြေမြှုပ်မိုင်း | | | ၁ | ၂ | ၄ | | ၃ | ၄ | | | | | ၅ | ၁၉ |
| မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှု | | | | | ၁၁ | | ၂ | | ၃ | | | | ၂၀ | ၃၆ |
| ဥပဒေလက်လွတ် သတ်ဖြတ်ခြင်း | | | ၁၃ | ၅ | ၁၇ | ၁ | ၃ | | ၂ | ၂ | ၄ | | ၁၉ | ၆၆ |

| | ကချင် | ကရင်နီ | ကရင် | ချင်း | မွန် | ရခိုင် | ရှမ်း | စစ်ကိုင်း | မကွေး | မန္တလေး | ပဲခူး | ရန်ကုန် | တနင်္သာရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အစုအပြုံလိုက် သတ်ဖြတ်ခြင်း | | | ၂ | ၂ | | | | | | | | | | **၄** |
| ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားလူမဆန်စွာ ပြုမူခြင်း | | | | ၁ | ၂ | | ၁ | | | | | | ၆ | **၁၀** |
| အတင်းအဓမ္မရွှေ့ပြောင်း ခြင်း | | | | | | | ၂ | | | | | | ၁ | **၃** |
| ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို ချိုးဖောက်ခြင်း | | | ၂ | ၉ | ၇ | | ၃ | | ၁ | ၂ | ၁ | | ၁၅ | **၄၀** |
| မြိမ်းခြောက် ငွေညှစ်ခြင်း | | | | | | | ၅ | | | | | | | **၅** |
| အတင်းအဓမ္မစေခိုင်းခြင်း | | | | | | | ၂ | | | | | | | **၂** |
| လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း | | | | ၂ | | | | | | | | | | **၂** |
| လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ပိတ်ပင်ခြင်း | | | | ၁ | | | | | | | | | | **၁** |
| လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် စုဝေးပိုင်ခွင့်ကို ပိတ်ပင်ခြင်း | | | | ၂ | ၁ | | | | | | | | | **၃** |
| မုဒိန်းပြုကျင့်မှုနှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | | | | ၂ | | | | | | | | | ၁ | **၃** |
| အတင်းအဓမ္မ စစ်သားစုဆောင်းခြင်း | | | | ၁ | | | ၃ | | | | | | | **၄** |
| ကလေးစစ်သား စုဆောင်း အသုံးပြုခြင်း | | | | | | | | | | | | ၂ | | **၂** |
| **စုစုပေါင်း** | ၀ | ၁ | ၄၁ | ၄၀ | ၆၉ | ၂ | ၂၉ | ၉ | ၉ | ၇ | ၁၀ | ၂ | ၁၀၁ | 320 |

## လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်သူများ

| ကျူးလွန်သူ | ကချင် | ကရင်နီ | ကရင် | ချင်း | မွန် | ရခိုင် | ရှမ်း | စစ်ကိုင်း | မကွေး | မန္တလေး | ပဲခူး | ရန်ကုန် | တနင်္သာရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စစ်အာဏာရှင်တပ် | | ၁ | ၂၁ | ၁၆ | ၃၅ | ၁ | ၈ | ၁၀ | ၅ | ၃ | ၅ | ၂ | ၅၁ | ၁၅၈ |
| လုံခြုံရေးတပ်ဖွဲ့များ | | | | | ၄ | | | | | | | | ၁ | ၅ |
| ပြည်သူ့စစ် | | | | ၁ | | | ၇ | | | | | | | ၈ |
| ထောက်ခံရေးအဖွဲ့များ | | | | ၃ | | | ၃ | | | | | | | ၇ |
| ပြည်သူ့ကာကွယ်ရေး တပ် | | | | | ၁ | | | | | | | | | ၁ |
| မည်သူမည်ဝါမှန်း မသိ | | | | ၅ | | | ၁ | | | | | | ၃ | ၉ |
| **စုစုပေါင်း** | | | | | | | | | | | | | | ၁၈၈ |

| ချိုးဖောက်မှု ပုံစံများ | အကြိမ်ရေ |
|---|---|
| လေကြောင်းတိုက်ခိုက်မှု | ၅၄ |
| ဒရုန်းတိုက်ခိုက်မှု | ၇ |
| လက်နက်ကြီးပစ်ခတ်မှု | ၄၉ |
| သေနတ်ပစ်ခတ်မှု | ၁၀ |
| မြေမြှုပ်မိုင်း | ၁၉ |
| မပေါက်ကွဲသေးသော ပေါက်ကွဲစေတတ်သည့် လက်နက်ပစ္စည်း | ၀ |
| အကြောင်းမဲ့ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း | ၃၆ |
| တရားမဝင် သတ်ဖြတ်ခြင်း | ၆၆ |
| အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု | ၄ |
| မတရားညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော လူမဆန်သည့် ဆက်ဆံမှုများ | ၁၀ |
| အတင်းအဓမ္မ နေရပ်ရွှေ့ပြောင်းခိုင်းခြင်း | ၃ |
| ပိုင်ဆိုင်မှုအခွင့်အရေး ချိုးဖောက်မှု | ၄၀ |
| ငွေညှစ်ခြင်း | ၅ |
| အတင်းအဓမ္မ အလုပ်ခိုင်းစေမှု | ၂ |
| လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် ကန့်သတ်ခြင်း | ၂ |
| လွတ်လပ်စွာ ကိုးကွယ်ခွင့် ကန့်သတ်ခြင်း | ၁ |
| လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့် ကန့်သတ်ခြင်း | ၃ |
| မုဒိမ်းမှုနှင့် အခြားသော လိင်အကြမ်းဖက်မှုများ | ၃ |
| အတင်းအဓမ္မ စစ်သားစုဆောင်းခြင်းနှင့် စစ်သားအသစ် စုဆောင်းခြင်း | ၄ |
| ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း၂ | |
| **စုစုပေါင်း** | **၃၂၀** |

ND–Burma အဖွဲ့ဝင်များ၏ မှတ်တမ်းများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံရှိ တိုင်း ဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် ဖြစ်ပွားခဲ့သော ဖြစ် ရပ် ၁၈၈ ခုမှတစ်ဆင့် လူ့အခွင့်အရေး ချိုးဖောက်မှု ၃၂၀ မှုကို မှတ်တမ်းတင်နိုင်ခဲ့သည်။

ထိုချိုးဖောက်မှုများအနက် ၁၅၈ မှုကို မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့ပြီး ၅ မှုကို စစ်အာဏာသိမ်းအဖွဲ့၊ ၈ မှုကို လက်နက်ကိုင် ပြည်သူ့စစ်အဖွဲ့အမျိုးမျိုး၊ ၇ မှုကို တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ(EROs) ၊ ၁ မှုကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များမှ ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဖြစ်ရပ် ၉ ခုမှာ ကျူးလွန်သူကို ခွဲခြားသတ်မှတ်နိုင်ခြင်း မရှိသေးပါ။

စုစုပေါင်း လူ ၄၁၁ လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရပြီး ထိုအထဲတွင် အမျိုးသား ၂၀၃ ဦး၊ အမျိုးသမီး ၉၇ ဦး၊ ကလေး ၅၇ ဦးနှင့် လိင်အမျိုးအစား သို့မဟုတ် အသက်အရွယ် မသိရှိရသေးသူ ၅၄ ဦး ပါဝင်သည်။

သိသာထင်ရှားစွာပင် လူပေါင်း ၁၁၈ ဦး သေဆုံးခဲ့ပြီး ထိုအထဲတွင် အမျိုးသား ၆၂ ဦး (ဘုန်းကြီး ၄ ပါး နှင့် သင်းအုပ်ဆရာ ၁ ဦး ပါဝင်)၊ အမျိုးသမီး ၂၇ ဦး (သီလရှင် ၁ ဦးပါဝင်)၊ ကလေး ၁၈ ဦး (ရှင်သာမ ဏေ ၂ ဦး ပါဝင်) နှင့် လိင်အမျိုးအစား သို့မဟုတ် အသက်အရွယ် မသိရှိရသေးသူ ၁၁ ဦး ပါဝင်သည်။

သူတို့အများစုမှာ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ သေနတ်ပစ်ခတ်မှုများ နှင့် မြေမြှုပ်မိုင်းများကြောင့် သေဆုံးခဲ့ကြပြီး အချို့မှာ စစ်ဆေးမေးမြန်းစဉ်နှင့် အကျဉ်းထောင်များအတွင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်သည့် ဆက်ဆံမှုများကြောင့် သေဆုံးခဲ့ကြပါသည်။

လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး၊ လက်နက်ငယ် ပစ်ခတ်မှုနှင့် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း ၂၀၃ ဦး ရှိသည်။ ထိုအထဲတွင် အမျိုးသား ၆၇ ဦး (ဘုန်းကြီး ၃ ပါးနှင့် သင်းအုပ် ဆရာ ၁ ဦး ပါဝင်)၊ အမျိုးသမီး ၅၅ ဦး၊ ကလေး ၃၈ ဦး (ရှင်သာမဏေ ၁ ပါးနှင့် သီလရှင် ၁ ပါး ပါဝင်) နှင့် လိင်အမျိုး အစား သို့မဟုတ် အသက်အရွယ် မသိရှိရသေးသူ ၄၃ ဦး ပါဝင်သည်။

ထို့အပြင် အနည်းဆုံး အိမ်ရာ ၁၈၆ လုံး၊ ဘုန်းတော်ကြီးကျောင်း ၁ ကျောင်း၊ ဘုရားကျောင်း ၄ ကျောင်း၊ ကျောင်း ၂ ကျောင်း၊ ပညာရေးရုံး ၂ ရုံး၊ ဆေးရုံ ၁ ရုံ နှင့် ပြည်သူ့ အဆောက်အအုံ ၁ ခုတို့ လည်း လေကြောင်း တိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှု လက်နက်ကြီး ပစ်ခတ်မှုနှင့် မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည်။

အဓိက ကျူးလွန်သူမှာ အာဏာသိမ်းစစ်တပ်မှဖြစ်သည်။ ဖြစ်ရပ်များအားလုံးအတွက် ယခုထိ ပြန်လည်လျော်ကြေးပေးခြင်း မရှိသေးဘဲ မြန်မာနိုင်ငံအတွင်းရှိ ကျူးလွန်ခံရသူများနှင့် အသက်ရှင် ကျန်ရစ်သူများသည် တရားမျှတမှုရရှိနိုင်မည့် လမ်းကြောင်းများကို ဆက်လက် ပိတ်ပင်ခံထားရဆဲ ဖြစ်သည်။

ND–Burma အဖွဲ့ဝင်ဖြစ်သည့် CHRO က *"မြန်မာနိုင်ငံတွင် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။ သို့သော် ကမ္ဘာကြီးအနေဖြင့် အာဏာသိမ်းစစ်တပ် ကျဆုံးပြီးနောက် မတည်ငြိမ်မှုများ ဖြစ်ပေါ်လာမည်ဟု ကြောက်ရွံ့နေမှုများ ရပ်တန့်သင့်သည်။ ထိုသို့လုပ်ခြင်းဖြင့် အမှန်တကယ် အန္တရာယ်ပေးနေသည့် စစ်အာဏာရှင်စနစ်ကို ရင်မဆိုင်ဘဲ ဒီမိုကရေစီတော်လှန်ရေး လှုပ်ရှားမှုများကိုသာ ဝန်ထုပ်ဝန် ပိုး ဖြစ်စေသည်။ လိုအပ်နေသည်မှာ မသေချာမှုနှင့် တုံ့ဆိုင်းနေမှုမဟုတ်ဘဲ စည်းလုံးညီညွတ်မှု၊ ထောက်ခံပံ့ပိုးမှုနှင့် လက်တွေ့ကျသော လုပ်ဆောင်ချက်များ ဖြစ်သည်"*[၂၉]ဟု ဖော်ပြထားသည်။

29. See X: Chin Human Rights Organization

# အကျဉ်းချုပ်

စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် လေးနှစ်ကျော်ကြာမြင့်လာသည့်ကာလအတွင်း အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်မှုများနှင့် စနစ်တကျ ပစ်မှတ်ထားတိုက်ခိုက်မှုများ ကျယ်ကျယ် ပြန့်ပြန့် ဆက်လက် ဖြစ်ပွားလျှက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် လူ့အခွင့်အ ရေးအခြေအနေမှာ အလွန်စိုးရိမ်ဖွယ် ဖြစ်နေဆဲဖြစ်သည်။

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများက စုဆောင်းထားသော အချက်အလက်များအရ အစီရင်ခံ ကာလ တစ်လျှောက်လုံးတွင် ပြည်သူများသည် မိမိတို့၏ နေ့စဉ်ဘဝကို ခြိမ်းခြောက်နေသော ကျယ်ကျယ် နှင့် စနစ်တကျ တိုက်ခိုက်မှုများကို ဆက်လက် ခံစားနေရကြောင်း တွေ့ရှိရသည်။

အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု အရေအတွက် မြင့်မားခဲ့ပြီး လက်နက်ကြီးပစ်ခတ်မှုများနှင့် မော်တာဗုံးများကြောင့်လည်း မွေးမြူရေးတိရစ္ဆာန်များ အပါအဝင် ဒေသခံပိုင်ဆိုင်မှုများ အကြီးအကျယ် ပျက်စီးခဲ့သည်။ ထိုကဲ့သို့ ပျက်စီးဆုံးရှုံးမှုများကြောင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းနိုင်စွမ်းသည် ထပ်မံလျော့နည်းသွားခဲ့သည်။

မေလ ပထမလဝက်အတွင်း တော်လှန်ရေးထိန်းချုပ်ဒေသများဖြစ်သည့် ရခိုင်၊ ချင်း၊ ကရင်၊ ရှမ်း၊ ကရင်နီနှင့် မွန်ပြည်နယ် အပြင် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီး တို့ရှိ ပြည်သူများကို ပစ်မှတ်ထား သည့် လေကြောင်းတိုက်ခိုက်မှု ၅၈ ကြိမ်ကျော် ဖြစ်ပွားခဲ့သည်။ ထိုအကြမ်းဖက် တိုက်ခိုက်မှုများ ကြောင့် လူပေါင်း ၈၆ ဦး သေဆုံးခဲ့ပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်[၃၀]။

မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူနည်းစုများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေး ကာကွယ်သူများ (HRDs) သည် စနစ်တကျ ဖိနှိပ်မှုများကို ခံစားနေရပြီး ၎င်းတို့၏ လူမျိုး၊ လိင်၊ လိင်ပိုင်းဆိုင်ရာ လက္ခဏာအပေါ်မူတည်၍လည်း ပိုမို၍ ထိခိုက်ခံစားနေရသည်။

ND-Burma ၏ မှတ်တမ်းတင်မှုများအရ တိုင်းရင်းသားများမှာ ပစ်မှတ်ထား၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြုံတွေ့နေရပြီး ထိုချိုးဖောက်မှုများတွင် အတင်းအဓမ္မ နေရပ်ရွှေ့ပြောင်းစေမှု၊ တရားမဝင် သတ်ဖြတ်မှုများနှင့် မြေယာသိမ်းဆည်းမှုများ ပါဝင်သည်။

ထိုအသိုင်းအဝိုင်းများအတွင်းရှိ အမျိုးသမီးများနှင့် LGBTQ2I များသည် ဖိနှိပ် ခွဲခြားမှုများကို ဆိုးဆိုးရွားရွား ခံစားနေရသည်။ အမျိုးသမီးများမှာ လိင်အခြေပြု အကြမ်းဖက်မှုများ (GBV) ခံစားနေရ သကဲ့သို့ LGBTQ2I များမှာလည်း ဥပဒေကြောင်းဆိုင်ရာ ကာကွယ်မှုများရရှိရန် ရည်ရွယ်ချက်ရှိရှိ ငြင်းပယ်ခံနေရသည်။

30. Status of Human Rights & Sanctions in Myanmar: May 2025 Report, Human Rights Now, 1 August 2025

အာဏာသိမ်းစစ်တပ်နှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (EROs) အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။ တစ်ပြိုင်နက်တည်းတွင် သဘာဝဘေးအန္တရာယ်များနှင့် လှူဒါန်းသူများ၏ ထောက်ပံ့မှု လျော့နည်းလာမှုတို့ကြောင့် နိုင်ငံတစ်ဝှမ်းရှိ အခြေအနေများ ပိုမိုဆိုးရွားလာခဲ့သည်။

လူငယ် လူ့အခွင့်အရေးကာကွယ်သူများ၊ အထူးသဖြင့် အမျိုးသမီးများသည် ခြိမ်းခြောက်မှုများ၊ စောင့်ကြည့်ထောက်လှမ်းခံရမှုများနှင့် အကြောင်းမဲ့ ဖမ်းဆီးထိန်းသိမ်းခံရမှုများကဲ့သို့သော အန္တရာယ်များ ကြုံတွေ့နေရသဖြင့် အရေးပေါ်အကူအညီနှင့် ဥပဒေရေးရာ အထောက်အပံ့များ မရှိမဖြစ် လိုအပ်လျှက်ရှိသည်။

ပြီးခဲ့သော ခြောက်လအတွင်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် သက်ရောက်မှုကြီးမားသည့် စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အမေရိကန်အစိုးရမှ စတင်ခဲ့သည့် ရန်ပုံငွေ ခေတ္တရပ်ဆိုင်းမှု (funding freeze) ကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်ရှိ အရေးကြီးကဏ္ဍများတွင် အသက်ကယ်ဆယ်ရေး လူသားချင်းစာနာမှုအစီအစဉ်များကို ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းများ ဖြစ်ပေါ်ခဲ့သည်။

နှစ်ကြာရှည်စွာ ဖိနှိပ်မှုခံနေရသည့် ရိုဟင်ဂျာများအတွက် ဒုက္ခသည်စခန်းများမှတဆင့် ပေးအပ်နေသည့် အပြည်ပြည်ဆိုင်ရာ အကူအညီ၏ ၅၅ ရာခိုင်နှုန်းကျော် ဆုံးရှုံးသွားခဲ့ပြီး ထိုသို့ ရန်ပုံငွေ လျော့နည်းမှုသည် ပံ့ပိုးပေးနေသည့် ဝန်ဆောင်မှုများအပေါ် ချက်ချင်း သက်ရောက်မှု ရှိခဲ့သည်[၃၁]။

ရန်ပုံငွေ ဖြတ်တောက်မှုများသည် နိုင်ငံအတွင်းနှင့် ထိုင်း–မြန်မာ နယ်စပ်တစ်လျှောက်တွင် အမျိုးသမီးများအတွက် ပေးအပ်နေသည့် လုံခြုံရေးအတွက် ထောက်ပံ့သည့် နေအိမ်များ (safe houses) နှင့် ကာ ကွယ်စောင့်ရှောက်မှု အစီအစဉ်များအပေါ်လည်း သက်ရောက်မှုရှိခဲ့ပါသည်[၃၂]။ ထိုအကျိုးဆက်များ ကြောင့် အလွန်ဆိုးရွားပြီး ကျယ်ပြန့်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် လူ ပေါင်း ခန့်မှန်းခြေ ၅၄ သန်းခန့်သည် လူသားချင်းစာနာမှု အကူအညီ လိုအပ်နေကြောင်း ခန့်မှန်းထား သည်[၃၃]။

ရန်ပုံငွေဖြတ်တောက်မှုများအပေါ် တုံ့ပြန်ရာတွင် ND–Burma အဖွဲ့ဝင်တစ်ဖွဲ့ဖြစ်သည့် CHRO က "အမေရိကန်အကူအညီ ဖြတ်တောက်မှုများသည် ချင်းပြည်သူများအတွက်သာမက မြန်မာနိုင်ငံရှိ အလွန်ထိခိုက်လွယ်သော လူထုအတွက်လည်း ဆိုးရွားသော သက်ရောက်မှုများ ဖြစ်စေသည်။ အစာ ရေစာ ပြတ်လတ်နေသူများနှင့် ရောဂါခံစားနေရသူများအတွက် တစ်ရက်တာ စောင့်ဆိုင်းရခြင်းသည် အလွန်ကြာလွန်းပါသည်။ အဆင့်လိုက် လျှော့ချခဲ့ပါက ထိခိုက်မှုကို လျော့နည်းစေပြီး အသက်များကို လည်း ကယ်တင်နိုင်ခဲ့မည် ဖြစ်သည်" ဟု ပြောကြားခဲ့သည်[၃၄]။

31. For Myanmar's war victims and Rohingya refugees, US aid cuts are disastrous, The New Humanitarian, 27 February 2025
32. Myanmar in "polycrisis" as US aid freeze compounds long-term donor neglect, The New Humanitarian, 18 February 2025
33. Myanmar: Implications of the US funding freeze and cuts on humanitarian response and health needs, 21 March 2025, ACAPS, 24 March 2025
34. USAID cuts: Immediate and devastating, Al Jazeera, 18 March 2025

မကြာခင်အတွင်း ထပ်မံဖြစ်ပွားခဲ့သော မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများ ပိုမိုမြင့်တက်လာခဲ့ပြီး၊ အထူးသဖြင့် USAID ရန်ပုံငွေဖြတ်တောက်မှုများနောက်ဆက်တွဲအဖြစ် အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းများ အားနည်းသွားခြင်းကြောင့် အခြေအနေ ပိုမိုဆိုးရွားလာခဲ့သည်။ ထိုသို့ဖြင့် ထိခိုက်နစ်နာသူ များသည် ဆေးဝါး၊ အမိုးအကာနှင့် သန့်ရှင်းရေးဝန်ဆောင်မှုများကို လုံလောက်စွာ မရရှိနိုင်ဘဲ လျစ်လျူရှုခံထားရသကဲ့သို့ ဖြစ်နေကြသည်[၃၅]။

နှစ်ပေါင်းများစွာ ဖြစ်ပွားနေသော တိုက်ပွဲပဋိပက္ခများ၏ သက်ရောက်မှုကို ခံစားနေရသည့် မိသားစုများ၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် နေထိုင်သူများသည် မိုးကြီးလေပြင်းများ၊ အပူလွန်ကဲမှု များနှင့် ရောဂါဖြစ်ပွားမှုအန္တရာယ် မြင့်တက်လာခြင်းတို့ အပါအဝင် ရာသီဥတုပြောင်းလဲမှု၏ ထပ်ဆင့်ဒဏ်ကိုလည်း ခံနေရသည်။ မြေငလျင်များ မဖြစ်ပွားမီကတည်းကပင် လူဦးရေ၏ သုံးပုံတစ်ပုံကျော် ဖြစ်သည့် လူပေါင်း ၂၀ သန်းနီးပါးသည် အကူအညီ လိုအပ်နေခဲ့ကြသည်[၃၆]။

မတ်လ ၂၈ ရက်နေ့မှစ၍ ပြည်သူလူထုသည် မြေငလျင်၏ သက်ရောက်မှုများသာမက ပူးပေါင်းညှိနှိုင်း ၍ တုံ့ပြန်ဆောင်ရွက်မှု မလုံလောက်ခြင်း၊ အလျင်အမြန် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများနှင့် အကျင့်ပျက်ချစားမှုများကြောင့်လည်း ထပ်ဆင့် ထိခိုက်နစ်နာမှုများကို ခံစားနေရသည်[၃၇]။

စစ်တပ်မှ ပြည်သူလူထု နေထိုင်ရာ နေရာများသို့ ဆက်လက် ပစ်ခတ် တိုက်ခိုက်နေခြင်းကြောင့် ဤလူမှုအသိုင်းအဝိုင်း၏ ခံနိုင်ရည်အား အကြိမ်ကြိမ် စမ်းသပ်ခံနေရကဲ့သို့ ဖြစ်နေသည်။ ထိုတိုက်ခိုက်မှုများ ကြောင့် ဒေသခံပြည်သူများ၏ အိမ်များနှင့် ကျေးရွာများ ဖျက်ဆီးခံရပြီး လုံခြုံရေးနှင့် ဘေးကင်းလုံခြုံမှု ရရှိရေးကိုလည်း ထိခိုက်စေခဲ့သည်။

၂၀၂၅ ခုနှစ် ဇွန်လ ဒုတိယပတ်အထိ ALTSEAN–Burma ၏ အစီရင်ခံစာအရ အာဏာသိမ်းပြီးနောက် လက်နက်ကိုင် ထိတွေ့တိုက်ပွဲများနှင့် တိုက်ခိုက်မှုများ ၅၅,၀၀၀ ကျော် ဖြစ်ပွားခဲ့ကြောင်း သိရသည်[၃၈]။ ထိုတိုက်ခိုက်မှုများသည် မကြာသေးမီလများအတွင်း အရွယ်အစားနှင့် အကြိမ်ရေ တိုးမြင့်လာခဲ့သော် လည်း နိုင်ငံတကာ တာဝန်ယူမှုစနစ်များမှ ထိရောက်သော ကြားဝင်ဆောင်ရွက်မှု မရှိသေးပေ။

နိုင်ငံတဝန်း အခြေအနေ ပိုမိုဆိုးရွားလာနေမှုအပေါ် အဓိပ္ပါယ်ရှိသော တုံ့ပြန်ဆောင်ရွက်မှု မရှိခြင်း ကြောင့် နယ်စပ်ဒေသများတွင် စစ်ကောင်စီ၏ ကြောက်မက်ဖွယ်ရာ လှုံ့ဆော်မှုနှင့် အကြမ်းဖက်လုပ်ရှားမှု များကို ပိုမိုအားပေးကူညီနေသကဲ့သို့ ဖြစ်နေသည်။

35. Myanmar's deadly earthquake exposes void left by US in global disaster responses, CNN World, 14 April 2025
36. Myanmar crisis deepens as military attacks persist and needs grow, UN News, 2 May 2025
37. 'Ticking time bomb': Shoddy post-quake reconstruction puts more Myanmar lives at risk, Frontier Myanmar, 15 July 2025
38. Coup Watch, ALTSEAN Burma, 27 June 2025

နိုင်ငံတကာ စံချိန်စံညွှန်းများအရ စစ်ကောင်စီအပေါ် တာဝန်ယူမှု (accountability) ဆောင်ရွက်ခြင်းသည် အချိန်လွန်ကာ များစွာနောက်ကျနေပြီ ဖြစ်သည်။ ထို့အပြင် အောက်တွင် ဖော်ပြထားသည်မှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ကာလအတွင်း ND-Burma အဖွဲ့ဝင်များက မိမိတို့၏ သတ်မှတ် ထားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း မှတ်တမ်းတင်စုဆောင်းထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှု အသေးစိတ် မှတ်တမ်းများ ဖြစ်ပါသည်။

## အတင်းအဓမ္မ ဖမ်းဆီးခြင်းနှင့် ဥပဒေမဲ့ ထိန်းသိမ်းချုပ်နှောင်ခြင်း

စစ်ကောင်စီမှ အတင်းအဓမ္မ ဖမ်းဆီးမှုများကို နှစ်ပေါင်းများစွာ အသုံးချ၍ လူထုအား အကြမ်းဖက်ဖိအားပေး လုပ်ဆောင်လာခဲ့သည်။ ထိုဖမ်းဆီးမှုများကို ND-Burma အဖွဲ့ဝင်တစ်ဖွဲ့ဖြစ်သည့် AAPP မှ စနစ်တကျ မှတ်တမ်းတင်စုဆောင်းလျှက်ရှိပြီး စစ်အစိုးရက မတရား ဖမ်းဆီးထိန်းသိမ်းထားသူများ၏ အခြေအနေကို နေ့စဉ်နှင့်အမျှ ထုတ်ပြန်ပေးလျှက်ရှိသည်။

International Commission of Jurists (ICJ) သည် အာဏာသိမ်း စစ်တပ်၏ ဥပဒေမဲ့ လုပ်ရပ်များကို "အတင်းအဓမ္မ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းချုပ်နှောင်ခြင်းနှင့် မတရားစီရင်ချက်များ" အဖြစ် ရည်ညွှန်း ဖော်ပြခဲ့သည်[၃၉]။

စစ်ကောင်စီ၏ အတင်းအဓမ္မ ဖမ်းဆီးမှုများသည် ဥပဒေရေးရာ အခြေခံမရှိသကဲ့သို့ သဘောထား ပိုင်းဆိုင်ရာ တရားမျှတမှုနှင့် လူ့ကျင့်ဝတ်တန်ဖိုးများလည်း ကင်းမဲ့နေသည့် ဖြစ်ရပ်အဖြစ် အသက် ခြောက်နှစ်အရွယ် ကလေးငယ်တဦးအား စစ်တပ်မှ ဗိုလ်ချုပ်တဦးကို လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ခဲ့ သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်[၄၀]။

ထို့အပြင် ဥပဒေ၏ အခြေခံစည်းမျဉ်းများကို ကျော်လွန်၍ ဥပဒေမဲ့ ထိန်းသိမ်းချုပ်နှောင်မှုများနှင့် အကြောင်းမရှိ ဖမ်းဆီးမှုများကို ND-Burma အဖွဲ့ဝင်များက ကျယ်ပြန့်စွာ မှတ်တမ်းတင်လျှက်ရှိသည်။

အင်တာဗျူးတစ်ခုတွင် HURFOM ၏ အစီအစဉ်ညွှန်ကြားရေးမှူး Nai Aue Mon က လူ့အခွင့်အရေး အခြေအနေအပေါ် "အရပ်သားများသည် မြေမြှုပ်မိုင်းများထောင်ထားသည့် နေရာများတွင် စစ်သား များရှေ့မှသွား၍ လူသားဒိုင်းကာအဖြစ် အတင်းအကျပ် ခိုင်းစေခံနေရသည်။ ထို့ပြင် အတင်းမဓမ္မ ဖမ်း ဆီးမှုများကိုလည်း ကြုံတွေ့နေရသည်။ ထိုသို့ဆောင်ရွက်ခြင်းများသည် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှု များဖြစ်သည်" ဟု ပြောကြားခဲ့သည်[၄၁]။

39. Myanmar: Abysmal human rights and rule of law situation deteriorates further three years after the coup, ICJ, 1 February 2024
40. Girl, 6, among group arrested for assassination of Myanmar general, Al Jazeera, 7 June 2025
41. Interview with Nai Aue Mon, Burma News International, 11 June 2025

အတင်းအဓမ္မ စစ်သားစုဆောင်းမှုကြောင့် လူငယ်အမျိုးသား၊ အမျိုးသမီးများ ပျောက်ဆုံးသွားခြင်းနှင့် ဥပဒေမဲ့ ထိန်းသိမ်းချုပ်နှောင်ခံရခြင်းဆိုင်ရာ အစီရင်ခံမှုများ တိုးမြင့်လာခြင်းသည် စိုးရိမ်ဖွယ်ရာ ဖြစ် လာခဲ့သည်။

မိသားစုများသည် မိမိတို့ ချစ်ခင်ရသူများ လွတ်မြောက်နိုင်ရန် အတွက် ငွေပမာဏ အလွန်များပြားသည့် လာဘ်ငွေများ ပေးဆောင်ရန် ဖိအားပေးခံရပြီး။ မပေးနိုင်ပါက ထိုသူများကို စစ်တပ်မှ ထိန်းသိမ်းကာ ရှေ့တန်း စစ်မြေပြင်တွင် အတင်းအကြပ် တိုက်ခိုက်ရန် ပို့ဆောင်ခံရနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရ သည်။

ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်ထားသည့် အတင်းအဓမ္မ ဖမ်းဆီးမှု ၃၆ ခုအနက် ရှမ်းပြည် နယ်တွင် ၂ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၃ ခုနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀ ခု ဖြစ်ပွားခဲ့သည်။

## လေကြောင်းတိုက်ခိုက်မှုများ

မြန်မာနိုင်ငံတွင် နေထိုင်နေသော အရပ်သားပြည်သူများအတွက် လေကြောင်းတိုက်ခိုက်မှု၏ ခြိမ်းခြောက်မှုသည် အန္တရာယ်အကြီးမားဆုံး ဖြစ်သည်။ အာဏာသိမ်း စစ်တပ်မှ လေကြောင်း တိုက်ခိုက်မှု များ ပြုလုပ်မည့်အချိန်တွင် အများအားဖြင့် ကြိုတင်သတိပေးချက် မရှိသဖြင့် ပြည်သူများသည် ပြင် ဆင်ချိန်မရဘဲ ထိခိုက်နစ်နာမှုများ ကြုံတွေ့ရသည်။

မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်းတွင် စစ်တပ်သည် လေကြောင်းမှ တိုက်ခိုက်မှု ၃,၀၀၀ ကျော် ဆောင်ရွက်ခဲ့ပြီး လူအနည်းဆုံး ၃,၂၄၂ ဦး သေဆုံးခဲ့သည်။ ထိုအထဲတွင် ကလေးငယ် ၄၇၈ ဦး ပါဝင်သည်[၄၂]။

အစီရင်ခံသည့် ကာလအတွင်း အဖွဲ့ဝင်များ မှတ်တမ်းတင်ထားသည့် ဒေသအချို့တွင် လေကြောင်း တိုက်ခိုက်မှု ဒါဇင်များစွာ ဖြစ်ပွားခဲ့သည်။ ရောဝတီသတင်းဌာန၏ အဆိုအရ ဇန်နဝါရီလအတွင်း စစ်တပ် သည် မြန်မာနိုင်ငံတဝန်း မြို့ ၄၀ တွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး လူပေါင်း ၁၇၀ ကျော် သေဆုံး ခဲ့သည်[၄၃]။

တိုက်ခိုက်ခံရသော မြို့နယ်များနှင့် အရပ်သားအများစုမှာ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ ထိန်း ချုပ်ထားသည့် ဒေသများမှ ဖြစ်သည်။ ယခုနှစ် အစောပိုင်းတွင် စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု တ ခုကြောင့် လူ ၂၈ ဦး (ကလေးငယ်များ ပါဝင်) သေဆုံးခဲ့ပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်[၄၄]။

42. Myanmar Junta Airstrikes Kill 25 on Friday, The Irrawaddy, 12 July 2025
43. Status of Human Rights & Sanctions in Myanmar: February 2025 Report, Human Rights Now, 15 April 2025
44. Myanmar airstrike on detention camp kills dozens, armed opposition group says, The Guardian, 20 January 2025

တိုက်ခိုက်ခံရသူများမှာ ရခိုင်ပြည်နယ် အနောက်ပိုင်းရှိ ယာယီ ထိန်းသိမ်းရေးနေရာတခုတွင် ရှိနေ သူများ ဖြစ်ပြီး ထိုသူများအနက် အများစုမှာ မြန်မာ့စစ်တပ်နှင့် ဆက်နွယ်သည့် မိသားစုဝင်များ ဖြစ်ကြသည်[၄၅]။

ဇန်နဝါရီလအဆုံးပိုင်းတွင် ဖြစ်ပွားခဲ့သော အခြားဖြစ်ရပ်တခုတွင် စစ်ကောင်စီသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ နေရပ်စွန့်ခွာပြည်သူများ၏ စခန်းတခုကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ သည်။ ထိုတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၈ ဦးအနက် ကလေးငယ် ၄ ဦး ပါဝင်ပြီး ထို့ပြင် လူ ၁၂ ဦးကျော် ဒဏ်ရာရရှိခဲ့သည်[၄၆]။

ကယ်ဆယ်ရေးလုပ်သားများ၏ အဆိုအရ စာသင်ကျောင်းကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း စစ်တပ်သည် ဒေသခံနယ်မြေများအပေါ် လေကြောင်းတိုက်ခိုက်မှု များ ဆက်လက်ပြုလုပ်ခဲ့သည်။ ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ၏ အနောက်ပိုင်းတွင် ဗုံး ၂၀ ကျော်ကြဲချခဲ့ခြင်းကြောင့် လူ ၅ ဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့ သည်[၄၇]။

ထို့အပြင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၉ ရက်အတွင်း စစ်တပ်သည် တိုက်လေယာဉ်များနှင့် စစ်လေယာဉ်များ အသုံးပြုကာ ဆေးရုံများနှင့် စာသင်ကျောင်းများအပါအဝင် အရပ်သားနေရာများကို ဆက်လက် တိုက်ခိုက်ခဲ့သဖြင့် လူပေါင်း ၅၀ ကျော် သေဆုံးခဲ့သည်[၄၈]။

ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ မင်္ဂလာဆောင်ပွဲတစ်ခုကို လေကြောင်းမှ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံး ၂ လုံး ပစ်ချကာ တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး အရပ်သား ၁၄ ဦး သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့သည်[၄၉]။

၂၀၂၅ ခုနှစ် မေ ၁၇ ရက်နေ့အထိ မြေငလျင်လှုပ်ပြီးနောက် စစ်ကောင်စီက အပစ်ရပ်ကြောင်း ကြေညာ ထားသော်လည်း မေ ၂ ရက်နေ့မှစ၍ လေကြောင်းတိုက်ခိုက်မှု ၅၈ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သားများ မကြာခဏ သွားလာအသုံးပြုသည့် ဘာသာရေးနေရာများနှင့် စာသင်ကျောင်းများအား ရည်ရွယ်ချက်ရှိ ရှိ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်[၅၀]။

သေဆုံးခဲ့ရသူများအနက် ကလေးများလည်း အပါအဝင်ဖြစ်ပြီး စာသင်နေစဉ်၊ ကစားနေစဉ် သို့မဟုတ် အစားအစာ ရှာဖွေနေစဉ် အချိန်များတွင် အသက်ဆုံးရှုံးကြရသည်။

---

45. Ibid
46. Status of Human Rights & Sanctions in Myanmar: February 2025 Report, Human Rights Now, 15 April 2025
47. Ibid
48. Ibid
49. Ibid
50. 58 Myanmar Junta Airstrikes Target Civilians in Two Weeks, The Irrawaddy, 17 May 2025

စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှုများသည် ရပ်တန့်မည့် အရိပ်အယောင် မရှိသေးဘဲ ကရင်နီပြည်နယ်တွင် *"စစ်ရေးနှင့် အရပ်သားပစ်မှတ်များကို ပေါင်းစပ်ညှိနှိုင်းကာ စနစ်တကျ လေကြောင်းတိုက်ခိုက်မှု များ ပြုလုပ်နေသည်"* ဟု Karenni Interim Executive Council (IEC) က ပြည်သူများအား သတိပေးခဲ့ သည်[၅၁]။

ND-Burma အဖွဲ့ဝင်များ မှတ်တမ်းတင်နေသော ဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများ ကျယ်ပြန့် စွာ ဖြစ်ပွားနေကြောင်း သတင်းပို့ကြသည်။ ၂၀၂၅ ခုနှစ် မတ်လတွင် မြေငလျင်လှုပ်ပြီးနောက် အကြမ်း ဖက်မှုများ တိုးမြင့်လာခဲ့ကြောင်း CHRO မှ အသေးစိတ် ဖော်ပြခဲ့သည်။ CHRO ၏ အဆိုအရ ၂၀၂၅ ခုနှစ် ဧပြီလ ၂ ရက်မှ ၁၈ ရက်အတွင်း ချင်းပြည်နယ်ရှိ မြို့နယ် ၄ ခုတွင် စစ်တပ်မှ သီးခြား လေကြောင်း တိုက်ခိုက်မှု ၁၇ ကြိမ် ပြုလုပ်ခဲ့ပြီး တစ်နေ့လျှင် တစ်ကြိမ်နီးပါး ဖြစ်ပွားခဲ့သည်[၅၂]။

ထို့အပြင် HURFOM သည်လည်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လေကြောင်းတိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားနေမှုအပေါ် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ သည်[၅၃]။

ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသော လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်တိုးမြင့်လာနေပြီး အထူး သဖြင့် စစ်တပ်၏ လူသားချင်းစာနာမှု အကူအညီများကို ဆက်တိုက် ပိတ်ပင်တားဆီးနေမှုနှင့် ပတ် သက်၍ အထူး စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေသည်။ ထိုကန့်သတ်တားဆီးမှုများကြောင့် အရေးကြီး သော ဆေး ဘက်ဆိုင်ရာ အကူအညီများ လိုအပ်နေသည့် လူမှုအသိုင်းအဝိုင်းများထံ မရောက်ရှိဘဲ ဖြစ်နေသည်။

စစ်တပ်သည် သမိုင်းတလျှောက် လူသားချင်းစာနာမှုအကူအညီများကို လက်နက်သဖွယ် အသုံးပြု ကာ အကူအညီများ ရရှိရေးကိုလည်း ၎င်းတို့၏ အကျိုးစီးပွားအတွက် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် စီမံထိန်း ချုပ်လာခဲ့သည်။

အစီရင်ခံသည့် ကာလအတွင်း အဖွဲ့ဝင်အဖွဲ့အစည်းများမှ မှတ်တမ်းတင်သည့် ဒေသများတွင် လေ ကြောင်းတိုက်ခိုက်မှု စုစုပေါင်း ၅၄ ကြိမ် ဖြစ်ပွားခဲ့သည်။ ထိုအနက် ကရင်နီပြည်နယ်တွင် ၁ ကြိမ်၊ ကရင်ပြည်နယ်တွင် ၁၀ ကြိမ်၊ ချင်းပြည်နယ်တွင် ၁၂ ကြိမ်၊ မွန်ပြည်နယ်တွင် ၄ ကြိမ်၊ ရခိုင်ပြည်နယ် တွင် ၁ ကြိမ်၊ ရှမ်းပြည်နယ်တွင် ၂ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂ ကြိမ်၊ မကွေးတိုင်းဒေသ ကြီးတွင် ၁ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၃ ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၃ ကြိမ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတွင် ၁၅ ကြိမ် ဖြစ်ပွားခဲ့သည်။

51. Quarterly Briefing Paper: April - June 2025, the Karenni Human Rights Group
52. A Targeted Campaign Against Civilian and Governance Structures, Chin Human Rights Organization, 19 April 2025
53. Statement: The Human Rights Foundation of Monland Condemns the Escalation of Junta-Deployed Drone and Airstrikes Against Civilians in Karen and Mon States, 25 March 2025

## မြေမြှုပ်မိုင်းများ

မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်း အသုံးပြုမှု ဆက်လက်ရှိနေပြီး၊ မပေါက်ကွဲသေးသည့် မိုင်းများကြောင့် ပြည်သူများ သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရရှိခြင်း စသည့် အန္တရာယ်များကို ရင်ဆိုင်နေရသည်။ မြန် မာနိုင်ငံသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲလက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံး မှု အရေအတွက် အများဆုံးရှိသည့် နိုင်ငံအဖြစ် စိတ်မကောင်းဖွယ် ရှေ့ကပြေးနေသည်[၅၄]။ ထို့အပြင် ပေါက်ကွဲမှုကြောင့် သေဆုံးသူများအနက် ၂၆ ရာခိုင်နှုန်းမှာ ကလေးများ ဖြစ်နေခြင်းမှာလည်း အလွန် စိုးရိမ်ဖွယ်ရာ ဖြစ်သည်။

မြေမြှုပ်မိုင်းနှင့် အခြားသော ပေါက်ကွဲနိုင်သော စစ်လက်နက်ပစ္စည်းများ (Explosive Ordnance – EO) ကြောင့် ဖြစ်ပွားသော အဖြစ်အပျက်များဆိုင်ရာ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မတ်လ အတွင်း မြေမြှုပ်မိုင်းကြောင့် သေဆုံးသူ ၂၂၇ ဦးရှိခဲ့ပြီး၊ ၎င်းသည် ၂၀၂၄ ခုနှစ်၏ စုစုပေါင်း အရေအတွက် နှင့် နှိုင်းယှဉ်လျှင် ၂၁ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်[၅၅]။

ဒေသအလိုက် ကြည့်ရှုပါက အဖြစ်အပျက်အများဆုံး ဖြစ်ပွားခဲ့သော နေရာမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး ( ၃၁ ခု၊ သေဆုံးသူ ၅၂ ဦး) ဖြစ်သည်။ ထို့နောက် ရှမ်းပြည်နယ်တွင် ( ၂၉ ခု၊ သေဆုံးသူ ၄၉ ဦး) ဖြစ်ပွားခဲ့ သည်[၅၆]။

ထို့ပြင် CHRO ၏ မှတ်တမ်းများအရ စစ်အာဏာသိမ်းမှုနောက်ပိုင်း စစ်တပ်က ထောင်ထားသော မြေ မြှုပ်မိုင်းများကြောင့် လူ ၇၇ ဦး သေဆုံးခဲ့ပြီး၊ ပြည်နယ်အတွင်း လူ ၁၀၅ ဦး ထပ်မံ ဒဏ်ရာရရှိခဲ့ ကြောင်း ဖော်ပြထားသည်[၅၇]။

မြေမြှုပ်မိုင်းကြောင့် ထိခိုက်မှု အရေအတွက်မြင့်မားနေပြီး ဒေသတွင်း မြေမြှုပ်မိုင်းများကို ဖယ်ရှားရန် နှင့် လုံခြုံရေးစနစ်များ အလွန်လိုအပ်နေသော်လည်း အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် လို အပ်သည့် ဘဏ္ဍာရေးအထောက်အပံ့မှာ လိုအပ်ချက် ကြီးကြီးမားမားဖြင့် ဆက်လက်ရှိနေသည်။ ထိုအ ခြေအနေသည် ဒေသခံပြည်သူများအတွက် အလွန်အန္တရာယ်ကြီးမားမှုကို ဖြစ်ပေါ်စေသည်။

ဒေသခံပြည်သူများသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန် အတွက် မြေမြှုပ်မိုင်းများ ထောင်ထားနိုင်သော နေရာများကို ဖြတ်သန်းသွားရသည့် အန္တရာယ် ရှိနေပြီး၊ လုံခြုံစိတ်ချရသော လမ်းကြောင်းများ မရှိခြင်း သို့မဟုတ် အရေးပေါ် ဆေးကုသမှုနှင့် ဆေးခန်း၊ ဆေးရုံ များအား လက်လှမ်းမမီခြင်းတို့ကြောင့် အရေးပေါ် အသက်ကယ်ဆယ်နိုင်မည့် ကုသမှုများကို အချိန်မီ မရရှိနိုင်ပေ။

54. Myanmar Humanitarian Update No. 44 | 19 February 2025, UNOCHA, 19 February 2025
55. Myanmar Landmine and Explosive Ordnance Incidents Information, UNICEF, January - March 2025
56. Ibid
57. 474 Chin Resistance Fighters Killed Since Coup, Burma News International, 4 February 2025

မှတ်တမ်းတင်ထားသော မြေမြှုပ်မိုင်းဖြစ်ရပ် စုစုပေါင်း ၁၉ မှုရှိခဲ့ပြီး၊ ကရင်ပြည်နယ်တွင် ၁ မှု၊ ချင်းပြည်နယ်တွင် ၂ မှု၊ မွန်ပြည်နယ်တွင် ၄ မှု၊ ရှမ်းပြည်နယ်တွင် ၃ မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄ မှုနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၅ မှု ဖြစ်ပွားခဲ့သည်။

## ခွဲခြားမှုမရှိဘဲ မြင်မြင်သမျှ ပစ်ခတ်မှုများ

စစ်အာဏာသိမ်း တပ်ဖွဲ့များသည် ပြည်သူများ အသက်မွေးဝမ်းကျောင်းပြုသည့် ဒေသများ သို့မဟုတ် နေအိမ်များအား စိတ်ထင်တိုင်း ခွဲခြားမှုမရှိ မြင်မြင်သမျှ မကြာခဏ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ၎င်းတို့ ၏ လူ့အသက်အပေါ် လေးစားမှုမရှိခြင်းကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် အခြေခံ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်ထားသော နိုင်ငံတကာ စံချိန်စံညွှန်းများကို လိုက်နာရန် ပျက်ကွက်နေခြင်းမှ ရှင်းလင်းစွာ မြင်တွေ့နိုင်သည်။

မနှစ်ကလည်း ကုလသမဂ္ဂ (UN) စုံစမ်းစစ်ဆေးရေးအဖွဲ့များက မြန်မာနိုင်ငံအတွင်း စစ်ရာဇဝတ်မှုများ ပိုမို တိုးပွားလာနေကြောင်း သတိပေးခဲ့သည်[၅၈]။

စစ်တပ်က ဒေသခံပြည်သူများအား တိုက်ခိုက်နေခြင်းကြောင့် အပြစ်မဲ့ ကျေးရွာသားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည်ကို ND-Burma အဖွဲ့ဝင်များက ပုံမှန် မှတ်တမ်းတင် တင်ပြ လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းတွင် HURFOM က မှတ်တမ်းတင်ထားသော ဖြစ်ရပ်တစ်ခုအရ ရေးမြို့နယ်ရှိ ဘယ်လမူကျေးရွာအုပ်စု၊ ဝါပါသဲကျေးရွာသို့ အာဏာသိမ်း စစ်တပ်ဖွဲ့များက အနီးအနားတွင် တိုက်ပွဲဖြစ်ပွားမှု မရှိသော်လည်း လက်နက်ကြီးများဖြင့် မြင်မြင်သမျှ မခွဲခြားဘဲ ပစ်ခတ်ခဲ့ခြင်း ကြောင့် အမျိုးသမီး ၃ ဦး ဒဏ်ရာရရှိခဲ့ပြီး၊ ထိုထဲတွင် နေရပ်စွန့်ခွာ ထွက်ပြေးနေရသူ (IDPs) ၂ ဦးလည်း ပါဝင်သည်[၅၉]။

အာဏာသိမ်း စစ်တပ်၏ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများသည် ယခုအချိန်တွင် စစ်ရေးနည်းဗျူဟာတစ်ရပ်သာ မဟုတ်တော့ဘဲ နေ့စဉ်လူနေမှုဘဝ၏ကိုပါ ရည်ရွယ်ချက်ရှိရှိ စနစ်တကျ ဖျက်ဆီးရန် အသုံးပြုနေသည့် နည်းလမ်းတစ်ခု ဖြစ်လာခဲ့သည်။

နေ့စဉ်နှင့်အမျှ ကျေးရွာသားများသည် အနီးအနားတွင် တိုက်ပွဲဖြစ်ပွားနေခြင်း မရှိသော်လည်း မော်တာလက်နက်ကြီးကျည်များသည် အိမ်များ၊ စိုက်ခင်းများ၊ ဘုန်းကြီးကျောင်းများနှင့် ကျောင်းများ ပေါ်သို့ ကျရောက်လာနိုင်သည့် ကြောက်မက်ဖွယ် အခြေအနေကို ရင်ဆိုင်နေရသည်။

58. War Crimes Escalating in Myanmar: UN Investigators, The Irrawaddy, 14 August 2024
59. February Monthly Overview, Human Rights Foundation of Monland

မခွဲခြားဘဲ မြင်မြင်သမျှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများသည် စစ်ရေးနည်းဗျူဟာ တစ်ရပ်သာ မဟုတ်ဘဲ စုပေါင်း ပြစ်ဒဏ်ပေးမှုတစ်မျိုးလည်း ဖြစ်လာခဲ့ပြီး၊ ကျေးရွာများ၏ လုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် မျှော်လင့်ချက်များကို ပယ်ဖျက်သကဲ့သို့ ဖြစ်စေခဲ့သည်။

တစ်ခါက ငြိမ်းချမ်းစွာ နေထိုင်ခဲ့သော မိသားစုများသည် ယခုအခါတွင် ကလေးများကို ကျောင်းပို့ရန်၊ စိုက်ခင်းများတွင် အလုပ်လုပ်ရန် သို့မဟုတ် အစားအသောက်နှင့် ဆေးဝါးများ ဝယ်ယူရန် အိမ်မှ ထွက်ရ မည်ကိုပင် ကြောက်ရွံ့နေကြရသည်။ ကြောက်ရွံ့မှုနှင့် မသေချာမရေရာမှုများက နေ့စဉ်ဘဝ၏ ပုံမှန် လည်ပတ်မှုနှင့် တည်ငြိမ်မှုတို့ကို အစားထိုးလိုက်ပြီဖြစ်သည်။


ထို့ပြင် အာဏာသိမ်း စစ်တပ်သည် လက်နက်ကိုင် တော်လှန်ရေးအင်အားစုများ မရှိသည့်နေရာများတွင်ပင် သို့မဟုတ် တိုက်ပွဲ မဖြစ်ပွားနေသည့် အချိန်များတွင်ပင် မကြာခဏ တိုက်ခိုက်မှုများ ပြုလုပ် လေ့ရှိသောကြောင့် ကျေးရွာသားများသည် မည်သည့်အချိန်တွင် လက်နက်ကြီး သို့မဟုတ် မော်တာ ကျည်များ ပစ်ခတ်လာမည်ကို မသိနိုင်သည့် မသေချာမရေရာမှုကို အတင်းအကျပ် ရင်ဆိုင်နေကြရသည်။

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

အထူးသဖြင့် တိုက်ပွဲဖြစ်ပွားနေသော ဒေသများတွင် အမျိုးသမီးများသည် ၎င်းတို့၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ဘေးကင်းမှုအတွက် အန္တရာယ်ကြီးမားစွာ ရင်ဆိုင်နေရသည်။ အာဏာရှင်အုပ်ချုပ်မှု အောက်ရှိ မြန်မာနိုင်ငံတွင် စစ်တပ်တပ်ဖွဲ့များကြောင့် အမျိုးသမီးများသည် ၎င်းတို့၏ လုံခြုံရေးအတွက် ကြောက်ရွံ့နေရပြီး၊ ယင်းအခြေအနေသည် ၎င်းတို့၏ ဘေးကင်းရေးကို တိုက်ရိုက် ခြိမ်း ခြောက်နေသည်။

တိုက်ပွဲနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကြုံတွေ့ခံစားရသူများသည် ၎င်းတို့ အပေါ် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အကာအကွယ်နှင့် တရားမျှတမှုကို အကြိမ်ကြိမ် မရရှိကြပါ။ မအောင်မြင်သည့် စစ်အာဏာသိမ်းမှု ကြိုးပမ်းမှုနောက်ပိုင်းမှစ၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဖြစ်ရပ်များ ပိုမို တိုးပွားလာခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အညွှန်းကိန်းများ အရ နိုင်ငံပေါင်း ၁၇၇ နိုင်ငံအနက် အဆင့် ၁၆၅ တွင် ရပ်တည်နေသည်[၆၀]။




60. Violence in Myanmar: women targeted by the military and resistance groups, the Friedrich Naumann Foundation for Freedom, 28 April 2025

တိုင်းရင်းသားဒေသများရှိ အမျိုးသမီးများသည် အန္တရာယ်များစွာကို ရင်ဆိုင်နေရသည်။ မြို့ပြဒေသများရှိ အမျိုးသမီးများကဲ့သို့ပင် ၎င်းတို့သည် လူမှုရေးနှင့် နိုင်ငံရေး လွတ်လပ်ခွင့်များ ပိုမို ကန့်သတ်ခံရ မှုများကို ကြုံတွေ့နေရပြီး ထိုအခွင့်အရေးများကို ကာကွယ်ရန် ကြိုးပမ်းသောအခါ အကြမ်းဖက်မှုများ နှင့်လည်း ရင်ဆိုင်နေရသည်။

နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများသည် ပြဿနာများစွာကို ခံစားနေရပြီး၊ ထိုအထဲတွင် လူသားအဖြစ် လုံခြုံရေး မရှိခြင်းနှင့် စစ်တပ်၏ အာဏာသိမ်းယူရန် ကြိုးပမ်းမှုကြောင့် အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးရခြင်း တို့ ပါဝင်သည်။

ဒေသခံ တော်လှန်ရေးအဖွဲ့များတွင် တာဝန်ခံမှုဆိုင်ရာ စနစ်များ ရှိနေပြီး လူ့အခွင့်အရေးအတွက် ပိုမိုပူး ပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများလည်း ရှိနေသည်။ သို့သော် စစ်တပ်သည် ဆယ်စုနှစ်များ စွာကြာအောင် ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တာဝန်ယူမှုမှ ရှောင်လွှဲခဲ့ပြီး ပြစ်ဒဏ်ကင်း လွတ်ခွင့် (impunity) မှ အကျိုးခံစားနေဆဲဖြစ်သောကြောင့် ၎င်းတို့အား ယုံကြည်စိတ်ချရန် မဖြစ်နိုင်ပါ။

၂၀၂၅ ခုနှစ် ဇွန်လတွင် ယခုအစီရင်ခံသည့် ကာလအဆုံးသတ်ချိန်အထိ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) ၏ အစီရင်ခံချက်အရ စစ်တပ်၏ တိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံတစ်ဝန်း အမျိုးသမီး ၃၄ ဦး သေဆုံးခဲ့ပြီး ထပ်မံ၍ ၄၉ ဦး ဒဏ်ရာရရှိခဲ့သည်[၆၁]။

မှတ်တမ်းတင်ထားသော ဖြစ်ရပ်အများစုတွင် အမျိုးသမီးများသည် စစ်တပ်၏ အကြမ်းဖက် တိုက်ခိုက်မှုများ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အသက်ဆုံးရှုံးခဲ့ကြသည်။ ထိုဖြစ်ရပ် အများစုမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့ပြီး၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည် နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း ဖြစ်ပွားခဲ့သည်[၆၂]။

အကြမ်းဖက်မှုအမျိုးမျိုးမှ အသက်ရှင်ကျန်ရစ်သူများ အထူးသဖြင့် တိုက်ပွဲနှင့် ဆက်နွှယ်သော လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုနှင့် လိင်အခြေပြု အကြမ်းဖက်မှုများကို ခံစားခဲ့ရသူများသည် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ရင်ဆိုင်ကျော်လွှားရန် အခက်အခဲများကြုံတွေ့နေရသည်။ နှစ်ပေါင်း ၇၀ ကျော် ကြာ လိင်အခြေပြု အကြမ်းဖက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့သော်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေ ခံဥပဒေ၏ ကာကွယ်မှုနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် (impunity) ကို အကျိုးခံစားခဲ့သော စစ်တပ်၏ လက် ချက်ကြောင့် ဒုက္ခခံစားခဲ့ရသော အမျိုးသမီးငယ်များ၏ နာကျင်မှုနှင့် ခံစားချက်များကို လုံလောက်စွာ အသိအမှတ်ပြုခြင်း မရှိသေးပါ။

61. 34 Women Killed In Myanmar in June 2025, Karen News, 13 July 2025
62. Ibid

အစီရင်ခံသည့် ကာလတစ်လျှောက်တွင် စုစုပေါင်း ဖြစ်ရပ် ၃ မှုကို မှတ်တမ်းတင်ထားပြီး (ချင်းပြည်နယ်တွင် ၂ မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁ မှု) ဖြစ်သည်။ သို့သော်လည်း အသက်ရှင် ကျန်ရစ်သူ များသည် လူမှုရေးဆိုင်ရာ အရှက်အကြောက် (stigma) နှင့် လိင်အခြေပြု အမြင်မှားများကို ရင်ဆိုင် နေရသောကြောင့် အမှန်တကယ် ဖြစ်ပွားသော အရေအတွက်မှာ ထိုထက် ပိုမိုများပြားနိုင်ကြောင်း ND–Burma က မှတ်သား ထားသည်။

## အတင်းအကျပ် လက်စတုန်း ဖျောက်ဖျက်ခြင်း/ပျောက်ဆုံးခြင်းများ

စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံတွင် အတင်းအကျပ် လက်စတုန်း ပျောက် ဆုံးသည့် ဖြစ်ရပ်များ ပိုမို တိုးပွားလာခဲ့သည်။ စစ်တပ်သည် အတင်းအကျပ် လက်စတုန်း ဖျောက်ဖျက် ခြင်းကို တော်လှန်ရေးနှင့် ဆန့်ကျင်ဘက် အဖွဲ့ဝင်များကို ပစ်မှတ်ထားရန် ရည်ရွယ်ချက်ရှိရှိ အသုံးပြုလေ့ ရှိသည်။ မကြာခဏဆိုသလို လူများကို အကြောင်းမဲ့ ဖမ်းဆီးကာ စစ်တပ်၏ ထိန်းသိမ်းမှုအောက် သို့ ခေါ် ဆောင်သွားပြီးနောက် မည်သည့် ဆက်သွယ်မှုမှ မရှိဘဲ ပျောက်ဆုံးသွားလေ့ရှိသည်။

ဤကဲ့သို့ ကြောက်ရွံ့စေသည့် နည်းလမ်းသည် ဖမ်းဆီးခံရသူများ၏ တည်နေရာနှင့် ကျန်းမာရေး အခြေ အနေများ မရရှိဘဲ စိတ်ပူပန်ရသည့် မိသားစုများအတွက် အလွန် ကြီးမားသော နာကျင်မှုနှင့် စိတ်ဒဏ် ရာကို ဖြစ်စေသည်။

အစီရင်ခံသည့် ကာလအတွင်း အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသော အတင်းအကျပ် လက်စတုန်း ဖျောက်ဖျက်ခြင်း ဖြစ်ရပ်များ မတွေ့ရှိခဲ့သော်လည်း ဤနည်းလမ်းသည် ဆန့်ကျင်ဘက် အတိုက်အခံများ ကို ဖိနှိပ်ရန် စစ်တပ်က အသုံးပြုနေသော ကြောက်ရွံ့စေသည့် လုပ်ရပ်အဖြစ် ဆက်လက် ရှိနေဆဲ ဖြစ်သည်။ ထိုကဲ့သို့သော ဖြစ်ရပ်များသည် မှတ်တမ်းတင်ရန် ပိုမိုခက်ခဲသော်လည်း မြန်မာနိုင်ငံတစ်ဝန်း တွင် ဤလူ့ အခွင့်အရေးချိုးဖောက်မှု အကျယ်အဝန်းဖြင့် ဖြစ်ပွားနေကြောင်း ND–Burma က မှတ်သား ထားသည်။

## ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်း

စစ်တပ်မှ ဆက်လက်ကျူးလွန်နေသော လက်နက်ကြီးပစ်ခတ်မှုများနှင့် ဗုံးကျဲတိုက်ခိုက်မှုများကြောင့် ဘုရားကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးခန်းများနှင့် ကျောင်းများအပါအဝင် အခြေခံအ ဆောက်အအုံများမှာ ပစ်မှတ်ထား တိုက်ခိုက်ခံရသည်။ ဤတိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ သည် မိမိတို့ကျေးရွာများတွင် လုံခြုံမှု မခံစားနိုင်တော့ဘဲ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ လည်း ပိတ်ဆို့သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် မိဘများသည် သေဆုံးစေနိုင်သော တိုက်ခိုက်မှုများကို ကြောက်ရွံ့သောကြောင့် မိမိတို့၏ ကလေးများကို ကျောင်းပို့ရန်လည်း စိတ်ပူပန်နေကြသည်။ စစ်တပ်သည် ဘာသာရေးအ ဆောက်အအုံ ရာပေါင်းများစွာ[၆၃]နှင့် ကျောင်း ဒါဇင်များစွာ[၆၄]ကို ဖျက်ဆီးခဲ့ပြီး၊ ထို့အပြင် နေရပ်စွန့်ခွာ ထွက် ပြေးနေရသူများ (IDPs) အတွက် စခန်းများနှင့် ယာယီခိုလှုံရာ နေရာများကိုလည်း ဖျက်ဆီးခဲ့ သည်။ ထိုကြောင့် အခြားသွားစရာနေရာ မရှိသည့် ခိုလှုံနေရသူများအတွက် စိုးရိမ်ပူပန်မှုများ ပိုမို ဖြစ်ပေါ်စေခဲ့သည်[၆၅]။

ပိုင်ဆိုင်မှုအခွင့်အရေး ချိုးဖောက်မှုနှင့် ဆက်စပ်သော ဖြစ်ရပ်စုစုပေါင်း ၄၀ မှုကို မှတ်တမ်းတင်ထားပြီး၊ ဒေသခံပြည်သူများ၏ အိမ်များ၊ စိုက်ခင်းများနှင့် မြေယာများကို စစ်တပ်က မကြာခဏ သိမ်းဆည်း ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။ အဖွဲ့ဝင်အဖွဲ့အစည်းများမှ မှတ်တမ်းတင်ထားသော ဖြစ်ရပ်များတွင် ကရင်ပြည်နယ်တွင် ၂ မှု၊ ချင်းပြည်နယ်တွင် ၉ မှု၊ မွန်ပြည်နယ်တွင် ၇ မှု၊ ရှမ်းပြည် နယ် တွင် ၃ မှု၊ မကွေးတိုင်းဒေသကြီးတွင် ၁ မှု၊ မန္တလေးတိုင်းဒေသကြီးတွင် ၂ မှု၊ ပဲခူးတိုင်း ဒေသကြီး တွင် ၁ မှုနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၁၅ မှု ပါဝင်သည်။

## အတင်းအကျပ် အလုပ်ခိုင်းစေခြင်း

မြန်မာနိုင်ငံတွင် အတင်းအကျပ် အလုပ်ခိုင်းစေမှုသည် ယနေ့တိုင် ကျယ်ပြန့်စွာနှင့် စနစ်တကျ ဆက်လက် ဖြစ်ပွားနေဆဲဖြစ်သည်။ အထူးသဖြင့် တိုက်ပွဲဖြစ်ပွားနေသော ဒေသများတွင်သာမက အထည် ချုပ်စက်ရုံများစွာတွင်လည်း ထင်ရှားစွာတွေ့ရသည်။ အလုပ်သမားများကို ဥပဒေနှင့် မကိုက်ညီသော အခြေအနေများအောက်တွင် အလုပ်လုပ်စေရန် အတင်းအကျပ် ခိုင်းစေကြပြီး၊ လစာမပေးသော အချိန်ပိုအလုပ်များ၊ ထုတ်လုပ်မှုပမာဏ အလွန်မြင့်မားစွာ သတ်မှတ်ခြင်းများနှင့် အသေးစား အမှားများအတွက် လစာဖြတ်တောက်ခြင်းများ ပါဝင်သည်[၆၆]။ အမျိုးသမီးများအတွက်လည်း လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်နှင့် အကြမ်းဖက်မှုများကို ဆက်လက် ရင်ဆိုင်ရနိုင်သော အန္တရာယ်ရှိနေသည်။

63. Over 100 Religious Buildings Destroyed by Myanmar Regime Forces, The Irrawaddy, 28 March 2022
64. Myanmar junta 'bombing schools', with 170 sites hit in past three years – report, The Guardian, 20 July 2024
65. IDPs near Thai-Karenni border express concern over junta's airstrikes, Burma News International, 14 November 2024
66. Myanmar's forced labour situation is worsening, 22 January 2025, IndustriALL

ထို့အပြင် စစ်တပ်သည် တရားမဝင် ဖမ်းဆီးထိန်းသိမ်းထားသော အပြစ်မဲ့ ပြည်သူများကို လူသားဒိုင်း အဖြစ် ရှေ့တန်းသို့ ကျဆင်းစေရန် ရည်ရွယ်သည့် နည်းလမ်းတစ်ခုအဖြစ် အတင်းအကျပ် အလုပ်ခိုင်းစေမှုကို အသုံးပြု လေ့ရှိသည်။ ထိုသူများကို ပြင်းထန်သော အလုပ်များ လုပ်ဆောင်စေရန် အတင်းအကျပ် ခိုင်းစေကြသည်။

ဤနည်းလမ်းကို နိုင်ငံရေးအကျဉ်းသားများအပေါ်လည်း မတရား၊ ဥပဒေမဲ့ပြီး အမြတ်ထုတ်မှုအဖြစ် မကြာခဏ အသုံးပြုလေ့ရှိသည်။ ထို့အပြင် ပြည်သူများကို စစ်တပ်၏ လက်နက်များနှင့် ထောက်ပံ့ရေး ပစ္စည်းများ သယ်ဆောင်ရန် အတင်းအကျပ် ခိုင်းစေခြင်းများလည်း ရှိပြီး မလိုက်နာပါက အသက် အန္တရာယ် ကြုံတွေ့ နိုင်သည့် အခြေအနေများ ရှိသည်။ ထိုကဲ့သို့ အန္တရာယ်ကြီးမားသော အခြေအနေ များကို အမျိုးသမီးများနှင့် ကလေးများပင် ရင်ဆိုင်ခဲ့ရသည်။

ရှမ်းပြည်နယ်တွင် အတင်းအကျပ် အလုပ်ခိုင်းစေမှု ဖြစ်ရပ် ၂ မှုကို မှတ်တမ်းတင်ထားသည်။

## လာဘ်ပေးလာဘ်ယူမှုနှင့် ငွေညှစ်ယူမှု

စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် ပိုမိုဆိုးရွားလာသော မြန်မာနိုင်ငံ၏ စီးပွားရေးကျဆင်းမှု အခြေ အနေကြားတွင် ကုန်စျေးနှုန်းများ အလွန်မြင့်တက်လာခဲ့ပြီး လူများစွာအတွက် နေ့စဉ်အသက်မွေးဝမ်း ကျောင်းကို ဆက်လက် ထိန်းသိမ်းရန် ခက်ခဲလာစေသည်။ မိသားစုများသည် အစားအစာ လုံလောက် စွာ ဝယ်ယူနိုင်ရန်ပင် အခက်အခဲများ ကြုံတွေ့နေရပြီး အလုပ်အကိုင်အခွင့်အလမ်းများ ကန့်သတ်ထားမှု ကြောင့် အခြေအနေ ပိုမိုဆိုးရွားလာသည်။ ထို့အပြင် မိသားစုဝင်တစ်ဦးကို တရားမဝင် ဖမ်းဆီးထိန်း သိမ်းထားသော အခါ စစ်တပ်က ပြည်သူများထံမှ အတင်းအကြပ် လာဘ်ငွေများ တောင်းခံလေ့ရှိသည်။

ငွေညှစ်ယူမှုများသည်လည်း ကုန်စျေးနှုန်းမြင့်တက်မှုနှင့် အတူ ဒေသခံ လူမှုအသိုင်းအဝိုင်းများအပေါ် လွန်စွာ အကျိုးသက်ရောက်မှုရှိလာခဲ့သည်။

အတင်းအကြပ် စစ်မှုထမ်းစနစ် ကြေညာပြီးနောက် ခြိမ်း ခြောက်၍ ငွေတောင်းခံမှုများ (blackmail) အပါအဝင် လာဘ်ပေးလာဘ်ယူမှုနှင့် ငွေညှစ်ယူမှုများ ပိုမိုတိုးပွားလာခဲ့သည်[၆၆]။ မိဘများသည် မိမိတို့၏ ကလေးများကို အတင်းအကျပ် စစ်မှုထမ်းစေမှု စာရင်းမသွင်းလိုပါက စစ်တပ်မှ အပြစ်ပေးမှုများခံရ နိုင်သည်။ ထို့အပြင် စစ်တပ်အား ထောက်ခံသော ကျေးရွာခေါင်းဆောင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေး မှူးများသည် ဒေသခံပြည်သူများ၏ လှုပ်ရှားမှုများကို နီးကပ်စွာ စောင့်ကြည့်နေပြီး စစ်မှုထမ်းရန် သင့်လျော်သော အသက် အရွယ်ရှိသူများ မဝင်ရောက်ပါက ခြိမ်းခြောက်လေ့ရှိသည်။

ရှမ်းပြည်နယ်တွင် လာဘ်ပေးလာဘ်ယူမှုနှင့် ဆက်စပ်သော ဖြစ်ရပ် ၅ မှုကို မှတ်တမ်းတင်ထားသည်။

# ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ

## ချင်းပြည်နယ်

ND-Burma အဖွဲ့ဝင်ဖြစ်သော CHRO ၏ အစီရင်ခံချက်အရ ၂၀၂၁ ခုနှစ်မှစတင်ပြီး စစ်တပ်သည် ချင်းပြည်နယ် အတွင်း လေကြောင်းတိုက်ခိုက်မှု ၉၆၁ ကြိမ် ပြုလုပ်ခဲ့ပြီး ထိုတိုက်ခိုက်မှုများကြောင့် အရပ်သား ၁၄၅ ဦး သေ ဆုံးကာ ၃၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။ CHRO က ထပ်မံဖော်ပြထားသည်မှာ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု နောက်ပိုင်း ချင်းပြည်နယ်ရှိ မြို့နယ် ၂၀ အနက် ၁၅ မြို့နယ်ကို တော်လှန် ရေးတပ်ဖွဲ့များက ထိန်းချုပ် နိုင်ခဲ့သော် လည်း ထိုကာလအတွင်း ချင်းတော်လှန်ရေးတပ်ဖွဲ့ဝင် ၄၇၄ ဦး လည်း အသက်ဆုံးရှုံးခဲ့ သည်[၆၇]။

ချင်းပြည်နယ်တွင် နေထိုင်နေသော အရပ်သားများသည် အလွန်ပြင်းထန်သော အခက်အခဲများနှင့် ကြောက်မက်ဖွယ် အခြေအနေများကို ရင်ဆိုင်ခဲ့ရပြီး စစ်တပ်၏ ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်မှုများ ကို ခံစား ခဲ့ရသည်။ ဇန်နဝါရီမှ ဇွန်လအထိ ND-Burma ၏ မှတ်တမ်းများအရ ချင်းပြည်နယ်တွင် လူ ၂၅ ဦး သေဆုံးခဲ့ပြီး ထိုထဲတွင် အမျိုးသား ၈ ဦး၊ အမျိုးသမီး ၂ ဦး၊ ကလေး ၄ ဦးနှင့် အမည်မသိသူ ၁၁ ဦး ပါဝင်သည်။ ထိုသေဆုံး မှုများမှာ လေကြောင်းတိုက်ခိုက်မှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ အတင်းအကျပ် နေရာရွှေ့ပြောင်းခိုင်းခြင်းနှင့် စစ်တပ်မှ အတင်းအကျပ် စစ်သားစုဆောင်းခြင်းတို့ကြောင့် ဖြစ်သည်။

ထို့အပြင် လူ ၄၂ ဦး ထပ်မံ ဒဏ်ရာရရှိခဲ့ပြီး ထိုထဲတွင် အမျိုးသား ၄ ဦး၊ အမျိုးသမီး ၄ ဦး၊ ကလေး ၆ ဦး နှင့် မည်သူမည်ဝါမှန်း မခွဲခြားနိုင်သူ ၃၄ ဦး ပါဝင်သည်။

စစ်တပ်သည် ချင်းပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများကို မကြာခဏ တိုက်ခိုက်ခဲ့ပြီး ကျောင်းတ ကျောင်းကိုလည်း ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာ မင်းတပ်မြို့နယ်တွင် လူ ၂ ဦး သေဆုံးခဲ့သည်[၆၈]။ ထိုတိုက် ခိုက်မှုအပေါ် CHRO က အောက်ပါအတိုင်း မှတ်ချက်ပေးခဲ့သည် *"စစ်တပ်သည် ၎င်း၏ ထိန်းချုပ်မှု အ ပြင် ဘက်တွင် ပြန်လည်တည်ဆောက်နေသော ခံနိုင်ရည်ပြည့်ဝသည့် လူမှုအသိုင်းအဝိုင်းများကို ကြောက် ရွံ့ နေသည်။ ထို့ကြောင့် လက်နက်ကိုင် တိုက်ပွဲများ မရှိသည့်နေရာများနှင့် တရားဝင် စစ်ရေး ပစ်မှတ် မရှိသည့် လွတ်မြောက်ဒေသများတွင် အရပ်သားအခြေခံ အဆောက်အအုံများနှင့် ဒေသခံ အုပ်ချုပ်ရေးစနစ်များကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်နေခြင်း ဖြစ်သည်[၆၉]"*

67. Myanmar Junta Blackmailing Parents to Enforce Conscription, The Irrawaddy, 19 March 2025
68. 474 Chin Resistance Fighters Killed Since Coup, Burma News International, 4 February 2025
69. Myanmar junta attacks another school, killing two in Chin State's Mindat Township, Myanmar Now, 16 May 2025

ထို့အပြင် USAID ၏ ဘဏ္ဍာရေးအထောက်အပံ့ လျှော့ချခြင်းကြောင့် ချင်းပြည်နယ်တွင် မသေချာ မရေရာမှုများ ပိုမို ဖြစ်ပေါ်လာခဲ့ပြီး CHRO ၏ ဆေးဘက်ဆိုင်ရာ အဖွဲ့များသည် ဒေသခံ လူမှုအသိုင်း အဝိုင်းအတွက် အရေးပါသော ကျန်းမာရေးဝန်ဆောင်မှုများကို ရပ်နားလိုက်ရသည်။ ထိုအခြေအနေ ကြောင့် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့မှုများ ထိခိုက်သလို သယ်ယူပို့ဆောင်ရေး ကဏ္ဍ လည်း အနှောင့်အယှက် ဖြစ်ပေါ်ခဲ့သည်[၇၁]။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်သော ကျန်းမာရေးအဖွဲ့အစည်းတစ်ခု၏ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအလယ်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အထိ မတူပီ မြို့နယ်တွင် ဝမ်းလျှောရောဂါ ၁၉၀ မှု၊ မင်းတပ်မြို့နယ်တွင် ၁၄၃ မှု၊ ပလက်ဝမြို့နယ်တွင် ၁၂၄ မှုနှင့် ကန်ပက်လက်မြို့နယ်တွင် ၂၄ မှု ဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားသည်။[၇၂]

ချင်းပြည်နယ်တွင် အသက်ကယ်တင်ရေး အထောက်အပံ့များ လျှော့ချသွားခြင်းကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် အထူးသဖြင့် အန္တရာယ်အများဆုံးခံစားရသူများအတွက် ကျန်းမာရေးဝန်ဆောင်မှု နှင့် အာဟာရဆိုင်ရာ ထောက်ပံ့မှုများ လိုအပ်မှု ပိုမို တိုးလာစေခဲ့သည်။

လူ့အခွင့်အရေးကောင်စီ (Human Rights Council) ၏ ၅၈ ကြိမ်မြောက် အစည်းအဝေးတွင် မတရားအာဏာသိမ်းထားသည့် စစ်တပ်မှဖြစ်ေ၊ အတိုက်အခံအဖွဲ့အစည်းများမှဖြစ်စေ လိင်ပိုင်း ဆိုင်ရာ အ ကြမ်းဖက်မှုများ အပါအဝင် အကြမ်းဖက်မှုမျိုးစုံအား ကျူးလွန်နေသူများကို တာဝန်ခံမှုရှိစေရေးအ တွက် အရေးယူဆောင်ရွက်မှုများ အမြန်ဆုံး လုပ်ဆောင်ရန် CHRO မှ နိုင်ငံတကာ အသိုင်းအဝိုင်းအား တောင်းဆိုခဲ့သည်[၇၃]။

## ကချင်ပြည်နယ်

ND-Burma အဖွဲ့ဝင်ဖြစ်သော KWAT သည် စစ်တပ်၏ တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသူများနှင့် အသက်ဆုံးရှုံးခဲ့ရသော ကချင်ပြည်သူများ၏ အခက်အခဲများကို ကျယ်ပြန့်စွာ မှတ်တမ်းတင်ထားသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ အကုန်အထိ မြန်မာနိုင်ငံအတွင်း မိန်းကလေးငယ်များနှင့် အမျိုးသမီးများ လူကုန်ကူးခံရမှု ပြဿနာနှင့် တရုတ်အမျိုးသားများနှင့် အတင်းအကျပ် လက်ထပ်ခိုင်းခြင်းအခြေ အနေ များကို KWAT က ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ဖော်ပြခဲ့သည်[၇၄]။ ထိုအစီရင်ခံစာအရ အမျိုးသမီး ၁၈၇ ဦး လူကုန်ကူးခံရပြီး ထိုဖြစ်ရပ်များကြောင့် ရေရှည်စိတ်ဒဏ်ရာများကို ခံစားခဲ့ရကြောင်း KWAT က သုံးသပ်ထားသည်။

70. See Twitter, Chin Human Rights Organization
71. US Aid Cuts Seriously Affecting Chin Healthcare, Burma News International, 19 February 2025
72. Ibid
73. The 58th Human Rights Council, Remarks by the Chin Human Rights Organization, 19 June 2025

လူကုန်ကူးမှု ဖြစ်ရပ်အများဆုံး ဖြစ်ပွားသော နေရာများမှာ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ ဖြစ်ကြသည်။

နှစ်အစဖြစ်သည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသည့် ၇၇ နှစ်မြောက် ကချင်ပြည်နယ်နေ့ (Kachin State Day) အခမ်းအနားအတွက် Kachin National Forum သည် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပြီး ဖက်ဒရယ်ဒီမိုကရေစီအခြေခံသော ကချင်ပြည်နယ် တည်ဆောက်ရေးအတွက် အရေး တကြီး လိုအပ်ချက်နှင့် ဆက်လက် ကတိကဝတ်ပြုမှုကို အထူးအလေးပေး ဖော်ပြခဲ့သည်[၇၄]။

ထိုသဘောထားကို KWAT မှလည်း ထပ်မံ ထောက်ခံခဲ့ပြီး အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက *"အမျိုးသမီး များ၏ အခွင့်အရေးများကို အာမခံပေးသော မူဝါဒများသည် ဖက်ဒရယ်စနစ်အတွင်းတွင်ပင် မဖြစ်မနေ လိုအပ်သည်။ အမျိုးသမီးများသည် လူမှုအသိုင်းအဝိုင်းအတွင်း လွတ်လပ်ပြီး လုံခြုံမှုရှိမှသာ အမှန်တ ကယ်သော လွတ်လပ်ရေးကို ရရှိနိုင်မည်ဖြစ်သည်"* [၇၅]ဟု ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ကချင်ပြည်နယ်တွင် ဆက်လက် ဖြစ်ပွားနေခဲ့ပြီး၊ အထူးသဖြင့် မြေငလျင် ဖြစ်ပွားပြီးနောက် စစ်တပ်က ထိခိုက်ဒဏ်ရာရရှိနေသော လူမှု အသိုင်းအဝိုင်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

အရေးပေါ် ကယ်ဆယ်ရေးနှင့် အကူအညီပေးရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ကချင် လက်နက် ကိုင် အဖွဲ့များက တိုက်ပွဲများကို ယာယီ ရပ်နားထားခဲ့သော်လည်း မြန်မာစစ်တပ်က ၎င်းတို့၏ စစ်ရေး လှုပ်ရှားမှုများကို ဆက်လက် ပြုလုပ်ခဲ့သည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် စစ်တပ်သည် ဗန်းမော်မြို့နှင့် ဖားကန့်ဒေသရှိ KIA တပ်မဟာ (၉) ထိန်းချုပ်ရာ နယ်မြေများအပေါ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်[၇၆]။ ထို့အပြင် ဗန်းမော်မြို့ အနီးတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့ပြီး၊ စစ်တပ်က ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တာဝန်ခံမှု မရှိခြင်းကြောင့် ကချင်ပြည်နယ်တစ်ဝန်း အခြေအနေများအပေါ် စိုးရိမ်ပူပန်မှုများ တိုးပွား လာခဲ့သည်။

## ကရင်ပြည်နယ်

၂၀၂၅ ခုနှစ်၏ ပထမခြောက်လအတွင်း ND-Burma အဖွဲ့ဝင်များ၏ အချက်အလက်များအရ ကရင်ပြည်နယ်တွင် လူ ၃၀ ဦး သေဆုံးခဲ့ပြီး ထိုထဲတွင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦးနှင့် ကလေး ၅ ဦး ပါဝင်သည်။ ထို့အပြင် လူ ၃၀ ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၅ ဦးနှင့် ကလေး ၁၃ ဦး ပါဝင်သည်။

74. Interview with Kachin Women's Association Thailand, Burma News International, 22 December 2024
75. KNF Statements Call for Overthrow of Junta and Federal Union, Burma News International, 10 January 2025
76. Ibid

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူအများစုမှာ စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဖြစ်ပွားခဲ့သည်။ ထို့အပြင် မှတ်တမ်းတင်ထားသော အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ဒရုန်းဖြင့် တိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ တရားလက်လွတ် သတ်ဖြတ်မှုများ (extra-judicial killings) နှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများလည်း ပါဝင်သည်။

ကရင်ပြည်နယ်အခြေအနေကို စောင့်ကြည့်မှတ်တမ်းတင်နေသော အဖွဲ့ဝင်အဖွဲ့အစည်းများအနက် HURFOM လည်း ပါဝင်ပြီး ၎င်းအဖွဲ့သည် အရပ်သားများအပေါ် တိုက်ခိုက်မှုများ များပြားလာနေမှုကို မှတ်တမ်းတင်ထားသည်။

HURFOM ၏ အဆိုအရ ကရင်ပြည်နယ်တွင် စစ်တပ်၏ ဆက်လက်ဖြစ်ပွားနေသော စစ်ရေးထိုးစစ်များကြောင့် အရပ်သားထောင်ပေါင်းများစွာ၏ နေ့စဉ်ဘဝများသာမက လူငယ်ကျောင်းသားများ၏ အနာဂတ်ကိုလည်း ထိခိုက်စေခဲ့သည်။ ၂၀၂၅ ခုနှစ် ဧပြီလမှစတင်၍ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျိုက်ဒုံမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအပေါ် လက်နက်ကြီးပစ်ခတ်မှုများနှင့် လေကြောင်း တိုက်ခိုက်မှုများ ပြင်းထန်လာခြင်းကြောင့် ကျောင်းသား ၂၀,၀၀၀ ကျော်သည် မိမိတို့၏ နေအိမ်များမှ ထွက်ပြေးရှောင်တိမ်းခဲ့ရသည်။

ထိုတိုက်ခိုက်မှုများကြောင့် ထိခိုက်ခဲ့သော ကျေးရွာများတွင် နှောင်းပဒေါက်၊ သာမည၊ သာယာကုန်း၊ ကော့ကသာ၊ ငါးတီး၊ လေးတီး၊ ကိုးတီး၊ ရေဘူကြီး၊ အင်းကြီး၊ ကော့ဖလော့၊ ကော့ကမား နှင့် ကျိုက်ဒုံ ချောင်းပြား ကျေးရွာများ ပါဝင်ပြီး ၎င်းတို့သည် ရိုးမဟာနှင့် ကျားကလေး ကျေးရွာအုပ်စုများအတွင်း တည်ရှိသည်[၇၇]။

၂၀၂၅ ခုနှစ် ဧပြီလတွင် ကရင်ပြည်နယ်အတွင်း စစ်တပ်က လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီးနောက် HURFOM မှ စိုးရိမ်ပူပန်ဖွယ် အခြေအနေအပေါ် ကြေညာချက်တစ်စောင် ထုတ် ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် အောက်ပါအတိုင်း ဖော်ပြထားသည် *"ဤရည်ရွယ်ချက်ရှိရှိ ပြုလုပ်သော မတရားတိုက်ခိုက်မှုများသည် အရပ်သားများနှင့် ဒေသခံ အခြေခံအဆောက်အအုံများကို ပစ်မှတ် ထားခဲ့သည်။ အကြီးအကျယ် ပျက်စီးဆုံးရှုံးမှု ဖြစ်စေခဲ့သော မြေငလျင်အပြီး စစ်တပ်က အပစ်အခတ် ရပ်စဲရေး ကြေညာခဲ့သော်လည်း အာဏာပိုင်အစိုးရသည် လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက် ပြုလုပ်ရန် မတွန့်ဆုတ်ခဲ့ပါ*[၇၈]"

HURFOM က ထပ်မံဖော်ပြထားသည်မှာ ၂၀၂၅ ခုနှစ် ဧပြီလ ၁၅ ရက်မှ ၁၆ ရက်အတွင်း စစ်တပ်သည် ကော့ကရိတ်မြို့နယ်နှင့် ဖာပွန်မြို့နယ်တို့တွင် လေကြောင်းတိုက်ခိုက်မှုများ အကြိမ်များစွာ ပြုလုပ်ခဲ့ပြီး အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူအချို့ သေဆုံးခဲ့ရသည်[၇၉]။

77. Junta Ramps Up Kachin State Attacks Following Earthquake, Burma News International, 1 April 2025
78. See HURFOM July 2025 Monthly Overview
79. Statement: The Human Rights Foundation of Monland Expresses Alarm and CondemnsOngoing Airstrikes Targeting Civilians in Karen State, 18 April 2025
80. Ibid
81. See HURFOM April 2025 Monthly Overview

ထိုတိုက်ခိုက်မှုများ တိုးမြင့်လာခြင်းမှာ ဧပြီလ ၁၅ ရက်နေ့တွင် စစ်တပ်က ပြင်းထန်သော စစ်ရေး တိုက် ခိုက်မှုများ စတင်ပြုလုပ်ပြီးနောက် ဖြစ်လာခဲ့ကြောင်းလည်း သိရသည်။ ထိုနေ့တွင် စစ်တပ်၏ လေ ယာဉ်များနှင့် လက်နက်ကြီးများသည် ကျိုက်ဒုံမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

ထိုအခြေအနေကြောင့် ရာနှင့်ချီသော မိသားစုများသည် ကြောက်ရွံ့၍ ၎င်းတို့၏ နေအိမ်များမှ ထွက် ပြေးတိမ်းရှောင်ခဲ့ကြသည်။ လုံခြုံရာသို့ ရောက်ရှိရန် ကြိုးပမ်းနေစဉ် အနည်းဆုံး လူ ၈၀ ခန့် လမ်းပေါ် တွင် တားဆီးစစ်ဆေးခံရပြီး စစ်သားများအား ငွေကြေး သို့မဟုတ် ပိုင်ဆိုင်မှုများ ပေးအပ်ရန် အတင်း အကျပ် ခိုင်း စေခြင်း ခံခဲ့ရသည်။[၈၀]

ကရင်ပြည်နယ်တွင် လူ့အခွင့်အရေးအခြေအနေကို Karen Peace Support Network (KPSN) နှင့် Karen Women's Organization (KWO) ကဲ့သို့သော အဖွဲ့အစည်းများက စောင့်ကြည့် မှတ်တမ်းတင် လျက် ရှိပြီး၊ ဆက်လက်ဖြစ်ပွားနေသော လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီး ပစ်ခတ်မှုများ ကိုလည်း မှတ်တမ်းတင်ထားသည်။

ဥပမာအားဖြင့် KPSN မှ မှတ်တမ်းတင်ထားသော ဖြစ်ရပ်တစ်ခုအရ ဇွန်လ ၂၄ ရက်နေ့တွင် ဖေယျာ ကြီးအခြေစိုက် စစ်တပ်၏ ခြေလျင်တပ်ရင်း (IB) ၇၃ သည် တောင်ငူခရိုင်၊ ထောတထူမြို့နယ်ရှိ တ လိုင်းအိမ် ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် ၆ လုံး ပစ်ခတ်ခဲ့သည်။ ထိုပစ်ခတ်မှုကြောင့် အသက် ၃၇ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး လူ ၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ အပြင် အိမ် ၂ လုံးလည်း ပျက်စီးသွားခဲ့သည်။

အရပ်သားများအပေါ် ဆက်လက် ကျူးလွန်နေသော ပြစ်မှုများအတွက် တာဝန်ခံမှုရှိစေရန် အရေးယူ ဆောင်ရွက်ပေးရေးအတွက် ကရင်အရပ်ဖက် အဖွဲ့အစည်းများကလည်း အကြိမ်ကြိမ် တောင်းဆိုလာခဲ့ ကြ သည်။

## ကရင်နီပြည်နယ်

ကရင်နီပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးတဦး သေဆုံးခဲ့သော ဖြစ်ရပ်တစ် ခုကို မှတ်တမ်းတင်ထားသည်။ သို့သော် မှတ်တမ်းတင်ထားသော ဖြစ်ရပ်အရေအတွက် နည်းပါးနေသော် လည်း မြေပြင်တွင် နေထိုင်နေသော အရပ်သားများအတွက် အခြေအနေမှာ အလွန်စိုးရိမ်ဖွယ် ကောင်း နေဆဲ ဖြစ်သည်။

80. Ibid

အစီရင်ခံသည့် ကာလအစဖြစ်သော ဇန်နဝါရီလတွင် Karenni Human Rights Group (KnHRG) က ဖော်ပြထားသည်မှာ ဇန်နဝါရီလ ၉ ရက်နေ့ မနက်ပိုင်းတွင် လွိုင်လင်လေးကျေးရွာအခြေစိုက် စစ်တပ်သည် လွိုင်ကော်မြို့အရှေ့ဘက်ရှိ ကျေးရွာတစ်ရွာသို့ မော်တာလက်နက်ကြီးများ ပစ်ခတ်ခဲ့ပြီး အသက် ၁၂ နှစ်အောက် ကလေး ၂ ဦးနှင့် အမျိုးသမီး ၁ ဦး သေဆုံးခဲ့ကြောင်း ဖြစ်သည်။ ထို့အပြင် အသက် ၅ လသာရှိသော ကလေးငယ်တစ်ဦးနှင့် အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးလည်း ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်[၈၁]။ ဤကဲ့သို့ စိတ်မကောင်းဖွယ် တိုက်ခိုက်မှုသည် အစီရင်ခံသည့် ကာလတလျှောက် ဆက်တိုက် ဖြစ်ပွားလာခဲ့သော တိုက်ခိုက်မှုများအနက် တခုသာ ဖြစ်သည်။

ကရင်နီပြည်နယ်တွင် ဖြစ်ပေါ်နေသော အကျပ်အတည်းသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြေငလျင်ကြောင့် ပိုမိုဆိုးရွားလာခဲ့ပြီး အရပ်သားပြည်သူများအပေါ် အကျိုးသက် ရောက်မှု ကြီးမားခဲ့သည်။

မြေငလျင်ဖြစ်ပွားပြီး နှစ်ရက်အကြာတွင် စစ်တပ်သည် ဖရူဆိုမြို့နယ်အတွင်း ပေါင် ၅၀၀ နှင့် ပေါင် ၃၀၀ အလေးချိန်ရှိသော ဗုံးများ အသုံးပြုကာ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်[၈၂]။

သဘာဝဘေးအန္တရာယ်များနှင့် စစ်ရေးတိုက်ခိုက်မှုများကြားတွင် ပြည်သူများသည် ပုံမှန် အသက်ရှင် ရပ်တည်နိုင်ရန် ခက်ခဲစွာ ရုန်းကန်နေရပြီး ထိုအခြေအနေများကြောင့် ဆင်းရဲနွမ်းပါးမှု၊ ရောဂါများ၊ စိတ်ဒဏ်ရာများနှင့် ရေရှည် နေရပ်စွန့်ခွာရမှုများ ပိုမို တိုးပွားလာခဲ့သည်။

Karenni Interim Executive Council (IEC) ၏ အဆိုအရ ယခုနှစ် ပထမခြောက်လအတွင်း စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် လူ ၃၃ ဦး သေဆုံးပြီး ၉၄ ဦး ဒဏ်ရာရရှိခဲ့သည်[၈၃]။ ၎င်းတို့အနက် သေဆုံးသူများတွင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၉ ဦး၊ ကလေး ၂ ဦးနှင့် အမည်မသိသူ ၇ ဦး ပါဝင် သည်။

ထို့အပြင် လက်နက်ကြီးပစ်ခတ်မှုများ၊ ဒရုန်း တိုက်ခိုက်မှုများ၊ တမင် ပစ်မှတ်ထား ပစ်ခတ်မှု များနှင့် မြေမြှုပ်မိုင်းများကြောင့် အရပ်သား ၂၉ ဦး သေဆုံးပြီး ၂၀၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း IEC က အစီရင်ခံခဲ့သည်[၈၄]။ ၎င်းသေဆုံးသူများတွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၃ ဦး၊ ကလေး ၆ ဦးနှင့် မည်သူမည်ဝါမသိသူ ၂ ဦး ပါဝင်ကြောင်း ဖော်ပြထားသည်။

ကရင်နီပြည်နယ်ရှိ ကလေးများသည် ပဋိပက္ခအခြေအနေများကြောင့် အလွန်ထိခိုက်လွယ်ပြီး အန္တရာယ်အများဆုံး ကြုံတွေ့ရသူများထဲတွင် ပါဝင်ကြသည်။ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ မလုံ

81. See HURFOM April 2025 Monthly Overview
82. Quarterly Briefer, Karenni Human Rights Group, January - March 2025
83. Ibid
84. See Twitter: Karenni Human Rights Group

လောက်ခြင်းနှင့် အာဟာရလုံလောက်မှု မရှိခြင်းတို့ကြောင့်လည်း ကလေးများ၏ ဘဝအခြေအနေများ ပိုမို ခက်ခဲလာခဲ့သည်။

ထို့အပြင် စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများနှင့် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အရပ်သားများအတွက် လုံခြုံရေးအခြေအနေမှာ ပိုမိုအန္တရာယ်များလာနေသည်။ အကာ အကွယ်ပေးရမည့် နေရပ်စွန့်ခွာစခန်းများနှင့် ဒေသခံကျေးရွာများသည်လည်း တိုက်ခိုက်မှုများ ဆက်လက် ကြုံတွေ့နေရသည်။

နိုင်ငံတကာ ဥပဒေများကို စစ်တပ်က ဆက်လက် ချိုးဖောက်နေခြင်းနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့ အ စည်းများနှင့် သက်ဆိုင်သူများမှ ထိရောက်သော အရေးယူဆောင်ရွက်မှု မရှိသေးခြင်းကြောင့် ထိခိုက်ခံ စား ရသော လူမှုအသိုင်းအဝိုင်းများအတွင်း စိတ်ပျက်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။

## မွန်ပြည်နယ်

ND–Burma အဖွဲ့ဝင်များ၏ မှတ်တမ်းအရ မွန်ပြည်နယ်တွင် လူ ၄၄ ဦး သေဆုံးခဲ့ပြီး၊ ၎င်းတို့အနက် အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၅ ဦးနှင့် ကလေး ၁ ဦး ပါဝင်သည်။ ထို့အပြင် အရပ်သား ၅၃ ဦး ဒဏ်ရာရရှိခဲ့ပြီး၊ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၂၃ ဦးနှင့် ကလေး ၂ ဦး ပါဝင်ကြသည်။

အများဆုံး ဖြစ်ပွားခဲ့သော ဖြစ်ရပ်များမှာ တရားလက်လွတ် သတ်ဖြတ်မှုများ (extrajudicial killings) ဖြစ်ပြီး အမှု ၁၈ ခု မှတ်တမ်းတင်ထားသည်။ ထို့အပြင် စစ်တပ်၏ မတရားဖမ်းဆီးမှုများနှင့် ဥပဒေမဲ့ ထိန်းသိမ်း ချုပ်နှောင်မှုများ လည်း ဆက်လက် ဖြစ်ပွားနေပြီး အမှု ၂၆ ခု မှတ်တမ်းတင်ထားသည်။

၂၀၂၅ ခုနှစ်အစမှစ၍ မွန်ပြည်နယ်အတွင်း စစ်တပ်၏ တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာကာ လက်နက် ကြီးများနှင့် လေကြောင်းတိုက်ခိုက်မှုများ အသုံးပြုလာခဲ့သည်။ ထိုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုနှင့် ဒဏ်ရာရမှုများလည်း တိုးပွားလာခဲ့သည်။

မွန်ပြည်နယ်အတွင်း အရပ်သားများအပေါ် တိုက်ခိုက်မှုများကို Human Rights Foundation of Monland (HURFOM) မှ ဆက်လက် မှတ်တမ်းတင်လျက်ရှိသည်။

ပြီးခဲ့သည့် ခြောက်လအတွင်း အတင်းအကျပ် စစ်သားစုဆောင်းမှု များ သိသိသာသာ တိုးလာခဲ့ပြီး လူငယ်အမျိုးသားများကို ဖမ်းဆီးထိန်းသိမ်းကာ ပဋိပက္ခရှေ့တန်းသို့ တိုက်ခိုက်ရန် အတင်းအကျပ် ပို့ဆောင် နေကြသည်။

စစ်တပ်မှ လူငယ်အမျိုးသားများနှင့် အမျိုးသမီးများကို မိသားစုများထံမှ အတင်းအကျပ် ခေါ်ဆောင်၍ စစ်သားအဖြစ် စုဆောင်းနေသည့် လုပ်ရပ်များ ရပ်တန့်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဝင် ရောက် အရေးယူဆောင်ရွက်ပေးရန် HURFOM က အကြိမ်ကြိမ် တောင်းဆိုထားသည်။ ဖမ်းဆီးခံထားရသူများ လွတ်မြောက်စေရန် မကြာခဏ လာဘ်ငွေများ အဆမတန် ပေးဆောင်ရပြီး၊ မိသားစုများအ နေဖြင့် အကြွေးပိမှုများ ပိုမိုကြုံတွေ့လာကြသည်။

HURFOM ၏ အဆိုအရ မွန်ပြည်နယ်ရှိ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များတွင် လူငယ်အမျိုးသားများကို စစ်တပ်တပ်ဖွဲ့များက ပိုမိုများပြားစွာ ပစ်မှတ်ထားနေကြသည်။ အထူးသဖြင့် ပြင်းထန်သော “တားဆီးစစ်ဆေးမှုများ (stop-and-frisk operations)” နှင့် မတရားဖမ်းဆီးမှုများမှတဆင့် ဆောင်ရွက်နေသည်။

ထိုသို့ ပြုလုပ်နေခြင်းသည် စစ်တပ်၏ တပ်အင်အား လျော့နည်းလာမှုကို ဖြည့်ဆည်းရန် ကြိုးပမ်းနေချိန်တွင် အရပ်သားများကို ငွေညှစ်ခြင်း၊ အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် စစ်သားအဖြစ် အတင်းအကျပ် စုဆောင်းခြင်းတို့ ပြုလုပ်ရန် စနစ်တကျ ဆောင်ရွက်နေသော လှုပ်ရှားမှုတစ်ခု၏ အစိတ်အပိုင်း ဖြစ်ကြောင်း ထင်ရှားနေသည်[၈၅]။

၂၀၂၅ ခုနှစ် ဧပြီလအစမှစ၍ ဒေသခံများ၏ အစီရင်ခံချက်များအရ စစ်တပ်သည် ဈေး၊ လမ်းဆုံများ၊ အမြန်လမ်း ဂိတ်များနှင့် စစ်တပ်ထိန်းချုပ်ထားသော နေရာများအတွင်း လျှို့ဝှက်စစ်ဆေးရေး ဂိတ်များ အပါအဝင် နေရာအများအပြားတွင် နေ့စဉ် စစ်ဆေးရေးဂိတ်များ တည်ဆောက်ထားကြောင်း သိရသည်။

အရပ်သားများ အထူးသဖြင့် လူငယ်အမျိုးသားများကို အကြောင်းပြချက်မရှိဘဲ တားဆီးစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် နှောင့်ယှက်ခြင်းများ ပြုလုပ်နေကြသည်။ စစ်သားများသည် မကြာခဏ လာဘ်ငွေ တောင်းခံခြင်း၊ လူများကို အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် လွတ်မြောက်စေရန် မိသားစုများ အား အတင်းအကြပ် ငွေညှစ် ဖိအားပေးခြင်းများ ပြုလုပ်နေကြသည်။ ထိုတောင်းဆိုမှုများကို မဖြည့် ဆည်းနိုင်သူများသည် မိမိတို့၏ ဆန္ဒမပါဘဲ စစ်သင်တန်းစခန်းများသို့ ပို့ဆောင်ခံရနိုင်ကြောင်း သိရသည်[၈၆]။

စစ်တပ်၏ လှည့်စားသည့် လုပ်ရပ်များကြောင့် မွန်ပြည်နယ်အတွင်း ကြောက်ရွံ့မှုများ ပိုမိုတိုးမြင့်လာနေပြီး အသက်ရှင်ရပ်တည်ရန် ကြိုးစားနေသော ပြည်သူများ၏ အနာဂတ်အပေါ် စိုးရိမ်ပူပန်မှုများ လည်း မြင့်တက်လာခဲ့သည်။

85. Ibid
86. See May Monthly Update, the Human Rights Foundation of Monland

## ရခိုင်ပြည်နယ်

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဖွန်လအထိကာလအတွင်း ရခိုင်ပြည်နယ်တွင် သေဆုံးသူ ၄ ဦးနှင့် ဒဏ်ရာရသူ ၆ ဦး ရှိခဲ့ကြောင်း ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်ထားသည်။ သေဆုံးသူများတွင် အမျိုးသား ၁ ဦး၊ အမျိုးသမီး ၂ ဦးနှင့် ကလေး ၁ ဦး ပါဝင်သည်။ ဒဏ်ရာရရှိသူများအားလုံးမှာ စစ်တပ်၏ လေ ကြောင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး ၎င်းတို့အား ကျား၊ မစသည်ဖြင့် မခွဲခြားနိုင် သေးကြောင်း ဖော်ပြထားသည်။

ရခိုင်ပြည်နယ်ရှိ အခြေအနေမှာ ပျက်စီးဆုံးရှုံးမှုများနှင့် စိုးရိမ်ဖွယ်ရာ အခြေအနေများဖြင့် ပြည့်နှက်နေပြီး စစ်တပ်နှင့် ရက္ခိုင့်တပ်တော် (Arakan Army) နှစ်ဖက်စလုံး၏ အကြမ်းဖက်မှုများကြောင့် ထိခိုက် ခံစားရသော လူမှုအသိုင်းအဝိုင်းများသည် အသက်ရှင်ရပ်တည်နိုင်ရန် ခက်ခဲစွာ ကြိုးပမ်းနေကြသည်။

ရခိုင်ပြည်နယ်တွင် မြင့်တက်လာနေသော လူ့အခွင့်အရေးအကျပ်အတည်းတွင် ရိုဟင်ဂျာ အရပ်သား များကို သတ်ဖြတ်ခြင်းနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးခြင်းကဲ့သို့သော ဖြစ်ရပ်များလည်း ပါဝင်နေသည်[၈၇]။

ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခကြောင့် လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာရပြီး ရိုဟင်ဂျာနှင့် ရခိုင် လူမှုအသိုင်းအဝိုင်းများသည် လုံခြုံရေးနှင့် ကာကွယ်မှုရရှိရန် ရှာဖွေနေရသည်။

အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများသည် မီဒီယာများ သို့မဟုတ် လူ့အခွင့်အရေး အဖွဲ့အစည်း များထံ မိမိတို့၏ ဖြစ်ရပ်များကို ပြောကြားပါက အန္တရာယ်ပြုမည်ဟု ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် ငွေညှစ်ခံရခြင်းများကို မကြာခဏ ကြုံတွေ့နေရသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး Volker Türk သည် လူ့အခွင့်အရေးကောင်စီတွင် ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ ပြောကြားရာတွင် "အကြမ်းဖက်မှုများ မြင့်တက်လာနေခြင်း" အပေါ် စိုးရိမ်မှုကို ထုတ်ဖော်ပြောကြားခဲ့သည်[၈၈]။

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ကျောက်နီမော် တံငါကျေးရွာ၌ ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတည်း တွင်ပင် အရပ်သား အနည်းဆုံး ၄၀ ဦး သေဆုံးခဲ့ပြီး အိမ် ၅၀၀ ခန့် မီးရှို့ဖျက်ဆီးခံခဲ့ရသည်[၈၉]။

အခြေအနေများကြောင့် လူအများအတွက် လုံခြုံရာနေရာတစ်ခုသို့ ရောက်ရှိနိုင်မည်ဟု မျှော်လင့်ကာ လှေဖြင့် အသက်အန္တရာယ်အတွက် စွန့်စားထွက်ခွာရမည့် သေရေး၊ ရှင်ရေး ဆုံးဖြတ်ချက်များ ချမှတ်ရန် ရင်ဆိုင်နေရသည်။

87. Ibid
88. Myanmar: Growing human rights crisis in Rakhine state, United Nations Office of the High Commissioner for Human Rights, 24 May 2024
89. Update on the human rights situation in Myanmar / 58th session of the Human Rights Council, United Nations High Commissioner for Human Rights, Volker Türk, 28 February 2025

၂၀၂၄ ခုနှစ်အတွင်း နယ်စပ်ကို တရားဝင် ပိတ်ထားဆဲဖြစ်သော်လည်း ရိုဟင်ဂျာ ထောင်ပေါင်းများစွာ သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း ယူဆရသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်အတွင်း လူပေါင်း ၈,၀၀၀ ကျော်သည် ပင်လယ်လမ်းကြောင်းဖြင့် ထွက်ပြေးခဲ့ပြီး ယင်းသည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၈၀ ရာခိုင်နှုန်း တိုးလာခြင်း ဖြစ်သည်[90]။ ထိုကာလအတွင်း နယ်စပ်ကို ဖြတ်ကျော်ရန် ကြိုးပမ်းစဉ် ရို ဟင်ဂျာ အနည်းဆုံး ၆၅၀ ဦး သေဆုံးခဲ့ပြီး ထိုသူများထဲတွင် ကလေးများက ထက်ဝက်နီးပါး ပါဝင်ကြ သည်[91]။

Women's Peace Network (WPN) အပါအဝင် အမျိုးသမီးအဖွဲ့အစည်းများက ရခိုင်ပြည်နယ် အခြေအနေ ဆိုးရွားလာမှုကြောင့် ဖြစ်ပေါ်လာသော လိင်အခြေပြု ထိခိုက်မှုများကို အထူးသဖြင့် သတိပြုစေလို ကြောင်း ထောက်ပြထားပြီး လူအစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရမှုများသည် အားနည်းထိခိုက် လွယ်ဆုံး လူများကို အထူးထိခိုက်စေကြောင်း ဖော်ပြထားသည်[92]။

၂၀၂၄ ခုနှစ်ကုန်ပိုင်းတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) က ပဋိပက္ခ ပိုမိုဆိုးရွားလာခြင်းကြောင့် ရခိုင်ပြည်နယ်တွင် ငတ်မွတ်ခေါင်းပါးမှု ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးခဲ့ပြီး လူပေါင်း ၂ သန်းကျော်သည် အစာအာဟာရမလုံလောက်မှုကြောင့် အသက်အန္တရာယ်ရှိနိုင်ကြောင်း ဖော်ပြခဲ့သည်[93]။ ယခု အချိန်တွင် အခြေအနေမှာ ပိုမို အရေးပေါ် ဖြစ်လာနေပြီး မြေပြင်တွင် လိုအပ်ချက်များ စွာကို ဖြည့်ဆည်းနိုင်ရန် ညှိနှိုင်းထားသော တုံ့ပြန်ဆောင်ရွက်မှုများ အလွန်လိုအပ်နေသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် ND-Burma အဖွဲ့ဝင်များ၏ မှတ်တမ်းအရ လူ ၁၁ ဦး သေဆုံးခဲ့ပြီး ၎င်းတို့အနက် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁ ဦး ပါဝင်သည်။ ထို့အပြင် လူ ၅ ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသမီး ၂ ဦးနှင့် အမျိုးသား ၃ ဦး ပါဝင်ကြသည်။

မှတ်တမ်းများအရ ဒရုန်းဖြင့် တိုက်ခိုက်မှု ၁ ကြိမ်၊ မြေမြှုပ်မိုင်းကြောင့် ဖြစ်ပွားသော ဖြစ်ရပ် ၂ ကြိမ်၊ မတရားဖမ်းဆီးထိန်းသိမ်းမှု ၁ ခု၊ တရားမဝင် သတ်ဖြတ်မှု ၃ ခု၊ အတင်းအကျပ် အလုပ်လုပ်ခိုင်းစေမှု ၂ ခု၊ အတင်းအကျပ် ပျောက်ဆုံးစေမှု ၁ ခုနှင့် လူ ၄ ဦးကို စစ်တပ်၏ လက်နက်ကိုင်တပ်ဖွဲ့များသို့ အတင်းအကျပ် စုဆောင်းခေါ်ယူမှုများ ဖြစ်ပွားခဲ့သည်။

ရှမ်းပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသော ND-Burma အဖွဲ့ဝင် အဖွဲ့အစည်းများတွင် Pa-O Youth Organization (PYO)၊ Ta'ang Women's Organization (TWO) နှင့် Ta'ang Students and Youth Union (TSYU) တို့ ပါဝင်သည်။

90. Ibid
91. 'A litany of human suffering' in Myanmar, warns UN rights chief, United Nations, 28 February 2025
92. Ibid
93. BRIEFING PAPER: Four years after the Burmese military's attempted coup, Women's Peace Network, 3 February 2025

TWO နှင့် TSYU တို့ က လေကြောင်းတိုက်ခိုက်မှုများကို ငါးလကြာ မှတ်တမ်းတင်ထားသည့် အစီရင်ခံစာတစ်စောင်တွင် မြောက်ရှမ်းပြည်နယ်ရှိ စစ်ဆင်ရေး ၁၀၂၇ ကြောင့် အရပ်သားများအပေါ် အထူးသဖြင့် ကြီးမားသော သက်ရောက်မှုရှိခဲ့ကြောင်း ဖော်ပြထားသည်[၉၄]။

ယင်းသည် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအတွက် မဟာဗျူဟာအရ အောင်မြင်မှုတစ်ခု ဖြစ်ခဲ့ သော်လည်း စစ်တပ်က ပြင်းထန်စွာ ပြန်လည်တုံ့ပြန်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် ဒေသခံအရပ်သားများ၏ လုံခြုံရေးနှင့် ဘေးကင်းမှုကို အန္တရာယ်ဖြစ်စေခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း စစ်တပ်သည် ဆေးရုံများ၊ ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများနှင့် ဒေသခံဈေးများကို ဆက်လက် ပြင်းထန်စွာ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး အထူး သဖြင့် TNLA ထိန်းချုပ်ထားသော ဒေသများတွင် ပိုမိုဖြစ်ပွားခဲ့သည်။

အစီရင်ခံစာရေးသားသူများ၏ မှတ်တမ်းအရ မြို့နယ် ၇ ခုတွင် လေကြောင်းတိုက်ခိုက်မှု ၇၂ ကြိမ် ဖြစ်ပွားခဲ့ပြီး လူ ၆၆ ဦး သေဆုံးကာ ၉၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုသူများထဲတွင် ကလေး ၂၇ ဦး ပါဝင်ပြီး စုစုပေါင်း ထိခိုက်သေဆုံးမှု ၁၈၇ ဦး ရှိခဲ့သည်။

ထို့အပြင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အိမ် ၁၅၇ လုံး၊ ဆေးရုံ ၂ ခု၊ ကျောင်း ၅ ကျောင်းနှင့် ဘုန်းကြီးကျောင်း ၆ ကျောင်း ဖျက်ဆီးခံခဲ့ရသည်[၉၅]။

တအာန်း အဖွဲ့အစည်းများကလည်း တိုက်ပွဲများအားလုံးကို ရပ်တန့်ရန်၊ အပြစ်မဲ့ အရပ်သားများကို ပစ် မှတ်ထားသည့် တိုက်ခိုက်မှုများအားလုံးကို အဆုံးသတ်ရန် တောင်းဆိုထားပြီး မြန်မာနိုင်ငံအခြေအနေ ကို အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားရုံး (ICC) သို့ အရေးပေါ်နှင့် ချက်ချင်း လွှဲပြောင်းစစ်ဆေး ရန် ထပ်မံ တောင်းဆိုထားသည်[၉၆]။

ရှမ်းပြည်နယ်ရှိ ပအိုဝ်းဒေသများတွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို Pa-O Youth Organization (PYO) က မှတ်တမ်းတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လကုန်ပိုင်းတွင် ဖြစ်ပွားခဲ့သော မြေငလျင်အပြီးတွင် ထိုအစီရင်ခံချက်ကို ထုတ်ပြန်ခဲ့သည်။

PYO က ကူညီထောက်ပံ့မှု ပေးနေသော အလှူရှင်များအား လူသားချင်းစာနာထောက်ထားမှု အကူအညီများကို “ကမ်းခြေများတွင်သာ ထားရှိမထားဘဲ လေ့များအသုံးပြုကာ သယ်ယူပို့ဆောင်ပေးရန်” တိုက်တွန်းခဲ့သည်[၉၇]။ ထို့အပြင် အကူအညီများသည် အမှန်တကယ် လိုအပ်နေသူများထံ ရောက်ရှိစေရန် ဒေသခံ ကူညီထောက်ပံ့ရေး လမ်းကြောင်းများကို အသုံးပြုရန်လည်း တောင်းဆိုခဲ့သည်။

94. Rakhine: A Famine in the Making, United Nations Development Programme, 7 November 2024
95. The Situation of Airstrikes During Five Months by the Terorr Military Council in Ta'ang Region, Ta'ang Civil Society Organizations, 9 June 2025
96. Ibid
97. Ibid

ယင်းမြေငလျင်သည် ကရင်နီပြည်နယ်မှ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာပြီး အနီးရှိ ရှမ်းပြည်နယ်သို့ ခိုလှုံနေကြသော နေရပ်စွန့်ခွာသူများ (IDPs) ကိုလည်း ထိခိုက်သက်ရောက်မှု ရှိခဲ့သည်[၉၈]။

ရှမ်းပြည်နယ်ရှိ အရပ်သားများသည် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေခြင်းနှင့် စစ်တပ်၏ တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာပြီး အကြိမ်ရေ တိုးလာခြင်းကြောင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။

၂၀၂၅ ခုနှစ် ဧပြီလတွင် Shan Human Rights Foundation (SHRF) က ဓနုဒေသများရှိ ကျေးရွာသား များအပေါ် အသုံးပြုနေသော အကြမ်းဖက်နည်းလမ်းများ ပိုမိုမြင့်တက်လာကြောင်း အသေးစိတ် ဖော် ပြထားသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် ပဋိပက္ခနှင့် ဆက်စပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း ပါဝင်ကြောင်း ဖော်ပြထားသည်[၉၉]။

စစ်တပ်၏ တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာမှုကြောင့် နေရပ်စွန့်ခွာသူများ (IDPs) နှင့် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများ၏ အရေအတွက် တိုးလာပြီး ဆေးဝါးပစ္စည်းများ၊ အစားအစာနှင့် နေရာထိုင်ခင်းများ အရေးပေါ် လိုအပ်နေကြသည်။

တရားမျှတမှုအတွက် တောင်းဆိုမှုများ ဆက်လက်ရှိနေပြီး စစ်အာဏာရှင်စနစ်မှ လွတ်မြောက်၍ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ရရှိရန် ကြိုးပမ်းရာတွင် အရပ်သားများသည် ရင်ဆိုင်နေရသော အခက်အခဲများကြားတွင်ပင် တရားမျှတမှုရရှိရေးအတွက် ထူးခြားသည့် ခံနိုင်ရည်နှင့် ဖွဲ့ရှိမှုကို ပြသလျက် ရှိသည်။

## ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးတွင် လူ ၅ ဦး သေဆုံးခဲ့ပြီး ၎င်းတို့တွင် အမျိုးသား ၂ ဦး၊ အမျိုးသမီး ၂ ဦးနှင့် ကလေး ၁ ဦး ပါဝင်သည်။ ဒဏ်ရာရရှိမှုများကို မှတ်တမ်းတင်ထားခြင်း မရှိခဲ့ပါ။

သေဆုံးမှုများအများစုသည် လေကြောင်းတိုက်ခိုက်မှုများနှင့် တရားလက်လွတ် သတ်ဖြတ်မှုများကြောင့် ဖြစ်ပွားခဲ့သည်။ ပဲခူးတိုင်းဒေသကြီးတွင် ကြောက်ရွံ့မှုများ ပိုမိုမြင့်တက်လာခြင်းမှာ စစ်တပ်တိုးချဲ့ချထားမှုနှင့်အတူ စစ်သားစုဆောင်းမှုကို အတင်းအကျပ် အကောင်အထည်ဖော်ရန် အသုံးပြုနေသော ခြိမ်းခြောက်နှောင့်ယှက်မှု နည်းလမ်းအမျိုးမျိုးကြောင့် ဖြစ်သည်။

98. Beneath the Cracks: Devastation and Destruction by the Junta in the Earthquake Aftermath, 28 March 2025, The Network for Human Rights Documentation-Burma
99. Ibid

ပဲခူးတိုင်းဒေသကြီးတွင် အကြမ်းဖက်မှုတရပ် မေလ ၂၅ ရက်နေ့တွင် ဖြစ်ပွားခဲ့ပြီး စစ်တပ်က ကျောက် ကြီး မြို့နယ်၊ ကျွန်းကြီးကျေးရွာရှိ မင်္ဂလာပွဲတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့ သည်။ ထို့အပြင် လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ထိုထဲတွင် လူ ၇ ဦးမှာ အခြေအနေ ဆိုးရွား နေသည်[100]။

HURFOM ကလည်း ဤဒေသအတွင်း လူ့အခွင့်အရေးအခြေအနေများကို ဆက်လက် စောင့်ကြည့် မှတ်တမ်းတင်နေပြီး ပဲခူးတိုင်းဒေသကြီးရှိ ကျောက်ကြီးမြို့နယ်နှင့် မုန်းမြို့နယ်များတွင် နေထိုင်သော လူမှု အသိုင်းအဝိုင်းသည် စစ်တပ်၏ ဒရုန်းများနှင့် လက်နက်ကြီးများအသုံးပြု၍ ခွဲခြားမှုမရှိ မြင်မြင်သမျှ ပစ်ခတ် တိုက်ခိုက်နေမှုဖြင့် ဝိုင်းရံပိတ်ဆို့ခံထားရကြောင်း မှတ်တမ်းတင်ထားသည်။

## မကွေးတိုင်းဒေသကြီး

ဤဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်မှတ်တမ်းတင်နေသော ND-Burma အဖွဲ့ဝင်များဖြစ်သည့် HRDP နှင့် CHRO တို့၏ မှတ်တမ်းအရ မကွေးတိုင်းဒေသကြီးတွင် လူ ၅ ဦး သေ ဆုံးခဲ့ ပြီး ၎င်းတို့တွင် အမျိုးသား ၄ ဦးနှင့် အမျိုးသမီး ၁ ဦး ပါဝင်သည်။ ဒဏ်ရာရရှိမှုများကို မှတ်တမ်း တင်ထားခြင်း မရှိခဲ့ပါ။

မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သော အဓိကဖြစ်ရပ်များမှာ မတရားဖမ်းဆီးမှုများနှင့် တရား လက် လွတ်သတ်ဖြတ်မှုများ ဖြစ်သည်။

မကွေးတိုင်းဒေသကြီးတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ခုခံရေးအဖွဲ့များနှင့် စစ်တပ်အကြား ပြင်းထန်ပြီး မကြာခဏ ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာရမှုများ တိုးလာ နေသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် တိုက်ခိုက်မှုများ သုံးရက်ဆက်တိုက် ပိုမိုပြင်းထန်လာပြီးနောက် ပဋိပက္ခ ဒဏ်ခံနေရသော မြို့နယ်တစ်ခုမှ ဒေသခံအနည်းဆုံး လူ ၂၀,၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရ သည်[101]။

မိမိတို့၏ နေအိမ်များမှ ထွက်ပြေးတိမ်းရှောင်ရသူများသည် လုံခြုံရေးအတွက် ဝေးလံသော နေရာများ တွင် ခိုလှုံနေကြသော်လည်း အစားအစာ၊ နေရာထိုင်ခင်းနှင့် သန့်ရှင်းသောရေ မလုံလောက်မှုများကို ရင်ဆိုင် နေရပြီး အကြိမ်ကြိမ် နေရပ်စွန့်ခွာနေရသူများအတွက် နောက်ထပ် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေသည်။

100. SAC Escalates Collective Punishment across the Danu Heartlands, Shan Human Rights Foundation, April 2025
101. Status of Human Rights & Sanctions in Myanmar: May 2025 Report, Human Rights Now, 1 August 2025

မကွေးတိုင်းဒေသကြီးကိုလည်း စစ်တပ်က လေကြောင်းတိုက်ခိုက်မှုများဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်နေ့များတွင် မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း ဒေသ ကြီးများတွင် မင်္ဂလာပွဲကျင်းပနေစဉ် ဘာသာရေးအဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်[၁၀၂]။

ဤကဲ့သို့ ဆက်တိုက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများကြောင့် သေဆုံးသူများထဲတွင် နေ့စဉ်ဘဝကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းနေသော အမျိုးသမီးများနှင့် ကလေးများ မကြာခဏ ပါဝင်နေသည်။

နေရပ်စွန့်ခွာသူများ (IDPs) သည် လုံခြုံရေးအတွက် ဘာသာရေးနေရာများသို့ ပိုမိုခိုလှုံလာကြသော်လည်း စစ်တပ်က ထိုအထွတ်အမြတ်ထားသည့် နေရာများကိုပင် မကြာခဏ ပစ်မှတ်ထား တိုက်ခိုက်နေသည်။ ထိုအခြေအနေများက လူ့အသက်ကို လေးစားမှုမရှိကြောင်း ထင်ရှားစေသည်။

## မန္တလေးတိုင်းဒေသကြီး

အစီရင်ခံစာတွင် ဖော်ပြထားသော ကာလအတွင်း မန္တလေးတိုင်းဒေသကြီးတွင် လူ ၃ ဦး သေဆုံးခဲ့ပြီး ၎င်းတို့တွင် အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦး ပါဝင်သည်။ ထို့အပြင် လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ပြီး အ မျိုးသား ၆ ဦး၊ အမျိုးသမီး ၁ ဦးနှင့် လိင်အမျိုးအစား မသိရသေးသော လူ ၃ ဦး ပါဝင်သည်။ ဒဏ်ရာရရှိ သူများအားလုံးမှာ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူများသည် စစ်တပ်၏ ပြင်းထန်သော အင်အားအသုံးပြုမှုများနှင့် တုံ့ပြန်တိုက်ခိုက်မှုများကို ရင်ဆိုင်နေရပြီး ယင်းအခြေအနေသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွား ခဲ့သော မြေငလျင်အပြီးတွင် ပိုမိုမြင့်တက်လာခဲ့သည်။ တိုက်ခိုက်မှုများအပါအဝင် ထိုသို့ တိုက်ခိုက်မှု များအပြင် စစ်တပ်သည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပို့ဆောင်ရန် ကြိုးပမ်းနေ သော အကူအညီယာဉ်တန်းများကိုလည်း ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ထိုသို့ဖြစ်ပွားခဲ့သော ဥပမာ တစ်ခုမှာ ရှမ်းပြည်နယ်တွင် တရုတ်ကြက်ခြေနီအဖွဲ့ကို ပစ်ခတ်တိုက်ခိုက်ခဲ့သော ဖြစ်ရပ်ဖြစ်သည်[၁၀၃]။

လိုက်နာမှု မရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေး ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားခဲ့ပြီး မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးပြီးနောက် ပြန်လည်ထူထောင်ရန် ကြိုးပမ်းနေသော လူမှုအသိုင်းအဝိုင်းအပေါ် စစ်တပ်က ဗုံးကြဲတိုက်ခိုက်မှုများ ဆက်လက် ပြုလုပ်ခဲ့သည်[၁၀၄]။

---

102. Fighting in Myanmar's Magway region displaces 20,000 civilians, Radio Free Asia, 3 February 2025
103. Sacred but not safe: Documenting airstrikes on religious and ceremonial gatherings, Myanmar Witness, 23 June 2025
104. Myanmar Junta Admits Firing on Chinese Quake Relief Convoy, The Irrawaddy, 2 April 2025

ဆက်လက်ဖြစ်ပွားနေသော ထိုတိုက်ခိုက်မှုများကြောင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Tom Andrews ကလည်း အဆိုပါ တိုက်ခိုက်မှုများအပေါ် ထောက်ပြပြောကြားခဲ့ပြီး "မြေငလျင်ပြီးနောက် လူများကို ကယ်ဆယ်ရန် ကြိုးပမ်းနေချိန်တွင်ပင် စစ်တပ်က ဗုံးများ ဆက်လက်ကြဲ ချနေသည်မှာ မယုံကြည်စရာပင် ဖြစ်သည်" ဟု ပြောကြားခဲ့သည်[၁၀၅]။

၂၀၂၅ ခုနှစ် ဇွန်လတွင် မန္တလေးမြို့ရှိ ကျောင်းတကျောင်းနှင့် ဟိုတယ်တစ်ခုကို လ၏ ပထမနေ့တွင် စစ်တပ်က ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်[၁၀၆]။ ထိုတိုက်ခိုက်မှုကြောင့် အမျိုးသမီး ၃ ဦး ဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံ အများအပြားလည်း ပျက်စီးခဲ့သည်။

ထိခိုက်ခံစားရသော အရပ်သားများက ပညာရေးဆိုင်ရာ အဆောက်အအုံများကို ဆက်လက် ပစ်မှတ်ထားတိုက်ခိုက်နေမှုအပေါ် စိတ်ပျက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်[၁၀၇]။

ထိုလေကြောင်းတိုက်ခိုက်မှုများ မဖြစ်ပွားမီ အပတ်အနည်းငယ်ခန့်ကလည်း စစ်တပ်သည် သပိတ်ကျင်း မြို့နယ်ရှိ နေရပ်စွန့်ခွာသူများ (IDP) စခန်းတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး အရပ်သား ၂ ဦး သေဆုံးကာ လူ ၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများထဲတွင် ကလေး ၄ ဦးလည်း ပါဝင်ခဲ့သည်[၁၀၈]။

စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများသည် အဓိကအားဖြင့် ခုခံရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသော ဒေသများကို ပစ်မှတ်ထားပြီး နယ်မြေများနှင့် မဟာဗျူဟာအရေးပါသော စခန်းများကို ပြန်လည်ထိန်း ချုပ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်[၁၀၉]။

အိမ်များ၊ ကျောင်းများနှင့် ဘုန်းကြီးကျောင်းများကို ဆက်တိုက် ပစ်ခတ်တိုက်ခိုက်နေခြင်းကြောင့် အပြစ်မဲ့ လူမှုအသိုင်းအဝိုင်းများအတွင်း စိုးရိမ်ပူပန်မှုများနှင့် စိတ်ဖိစီးမှုများ ဖြစ်ပေါ်နေပြီး နောက်ထပ် တိုက်ခိုက်မှု မည်သည့်အချိန်တွင် ဖြစ်လာမည်ကို ကြောက်ရွံ့နေကြသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် ND-Burma အဖွဲ့ဝင်များ၏ မှတ်တမ်းအရ အရပ်သား ၉ ဦး သေဆုံးခဲ့ပြီး ၎င်းတို့တွင် အမျိုးသား ၃ ဦး၊ အမျိုးသမီး ၃ ဦးနှင့် ကလေး ၃ ဦး ပါဝင်သည်။ ထို့အပြင် မြေမြှုပ်မိုင်း များကြောင့် အမျိုးသား ၁ ဦးနှင့် ကလေး ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ မြေမြှုပ်မိုင်းများသည် အရပ်သား များအတွက် အန္တရာယ်ကြီးမားပြီး မကြာခဏ သေဆုံးမှုများ ဖြစ်ပေါ်စေနိုင်သော ဆက်လက်တည်ရှိနေသည့် ပြဿနာတစ်ရပ် ဖြစ်နေဆဲဖြစ်သည်။

105. Myanmar junta continues air strikes after devastating earthquake, BBC, 30 March 2025
106. Ibid
107. Myanmar military airstrikes hit school and hotel in Mandalay Region, injuring three women, Mizzima, 4 June 2025
108. Ibid
109. Ibid

စစ်ကိုင်းတိုင်းဒေသကြီးတွင် သေဆုံးသူများမှာ တရားလက်လွတ် သတ်ဖြတ်မှုများနှင့် မတရား ဖမ်းဆီးမှုများကြောင့် ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူများမှာ မြေမြှုပ်မိုင်းနှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်တပ်က တိုက်ခိုက်မှုများကို သိသိသာသာ တိုးမြှင့်လာသဖြင့် အရပ်သား များအပေါ် တိုက်ခိုက်မှုဖြစ်ရပ်များ များလာသည်။ ဤဒေသသည် မြန်မာနိုင်ငံအတွင်း အပြင်းထန်ဆုံး ပစ်မှတ်ထားခံရသော ဒေသများထဲမှ တစ်ခုဖြစ်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလ တလတည်းတွင်ပင် စစ်တပ်က လေကြောင်းတိုက်ခိုက်မှု ၁၃ ကြိမ် ပြုလုပ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်တွင် တရက်တည်းအတွင်း အိမ် ၁,၀၀၀ ကို မီးရှို့ ဖျက်ဆီးကာ အရပ်သား ၂၀ ကျော်ကို သတ်ဖြတ်ခဲ့သည်[၁၁၀]။

ယခုနှစ် မတ်လ ၁၆ ရက်နေ့ ည ၁၀ နာရီတွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုတခုတွင် အသက် ၆ လသာရှိသော ကလေးငယ်တစ်ဦးအပါအဝင် အရပ်သား ၄ ဦး သေဆုံးခဲ့ပြီး လူ ၇ ဦး ဒဏ် ရာရရှိခဲ့သည်[၁၁၁]။

ထိုတိုက်ခိုက်မှုကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ပြင်းထန်စွာ ရှုတ်ချခဲ့ပြီး စစ်တပ်အပေါ် *"ပိုမိုထိရောက်သော အရေးယူဆောင်ရွက်မှုများ အဆောတလျင်"* ပြုလုပ်ရန် အကြိမ်ကြိမ်တောင်းဆိုထားသည်[၁၁၂]။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပညာရေးဆိုင်ရာ လမ်းကြောင်းများကို စစ်တပ်က မကြာခဏ နှောင့်ယှက် ဖျက်ဆီးနေသည်။ မေလ ၅ ရက်နေ့တွင် ဒီပဲယင်းမြို့နယ်ရှိ ကျောင်းတကျောင်းကို လေကြောင်းတိုက် ခိုက်မှု ပြုလုပ်ခဲ့ရာ စစ်တပ်က ပေါင် ၅၀၀ ဗုံးတလုံး ပစ်ချခဲ့ပြီး သေဆုံးသူ ၂၄ ဦး ရှိခဲ့သည်[၁၁၃]။ သေဆုံး သူ အများစုမှာ ပညာသင်ကြားနေသော အပြစ်မဲ့ ကျောင်းသားများ ဖြစ်ကြသည်။ ထို့အပြင် လူ ၃၀ ကျော် လည်း ဒဏ်ရာရရှိခဲ့သည်။

မိသားစုဝင်များသည် ထိုဖြစ်ရပ်ကြောင့် စိတ်ဒဏ်ရာနှင့် ဝမ်းနည်းမှုများဖြင့် ဆက်လက် ရင်ဆိုင်နေကြရ ပြီး ပညာရေးနှင့် သင်ယူမှုအတွက် ရည်ရွယ်ထားသော နေရာများတွင်ပင် ထိုကဲ့သို့သော တိုက်ခိုက်မှုများမှ လုံခြုံမှု မရှိတော့ကြောင်း ပိုမိုထင်ရှားလာနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အပြစ်မဲ့အရပ်သားများအပေါ် ဖြစ်ပွားနေသော အကြမ်းဖက်မှုများ ကြောင့် ဝန်ဆောင်မှုပေးရေး ကဏ္ဍများတွင် ကြီးမားသော ချို့ယွင်းချက်များ ဖြစ်ပေါ်လာခဲ့သည်။ လူ့အခွင့်

110. Junta airstrikes target resistance-held Mandalay Townships, Myanmar Now, 6 May 2025
111. Update on the human rights situation in Myanmar / 58th session of the Human Rights Council, United Nations High Commissioner for Human Rights, Volker Türk, 28 February 2025
112. Myanmar junta airstrikes kill civilians, including an infant, in Sagaing Region, Burma News International, 18 March 2025
113. Ibid

အရေးအဖွဲ့အစည်းများနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေး ဝန်ထမ်းများသည် မိမိတို့နှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် အလွန်သတိထားကာ လျှို့ဝှက်လုပ်ဆောင်နေကြရသည်။

ကျန်းမာရေးကဏ္ဍသည် အထူးသဖြင့် ပြင်းထန်စွာ ထိခိုက်သက်ရောက်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများ ၏ ၇၀ ရာခိုင်နှုန်းခန့် ထွက်ပြေးခဲ့ကြရသည်။ ထို့အပြင် ဆေးရုံများကို စီးနင်းရှာဖွေခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် စစ်တပ်စခန်းများအဖြစ် ပြောင်းလဲအသုံးပြုခြင်းများ ဖြစ်ပွားခဲ့သည်[၁၁၄]။ ကျန်းမာရေးစနစ်များ ဆက်လက် အနှောင့်အယှက်များ ကြုံတွေ့နေခြင်းကြောင့် အထူးသဖြင့် ပဋိပက္ခဒဏ်ခံရသူများနှင့် အား နည်းထိခိုက်လွယ်သူများသည် ကြီးမားစွာ ဆက်လက် ခံစားနေရသည်။ ထို့အပြင် ကျန်းမာရေးဝန်ထမ်းများကိုပင် ပစ်မှတ်ထားတိုက်ခိုက်နေကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် မကြာသေးမီကမှ ပဋိပက္ခပြင်းထန်လာခဲ့သော ဒေသတစ်ခု ဖြစ်သော်လည်း နယ်မြေနှင့် ဒေသအုပ်ချုပ်မှုအပေါ် ထိန်းချုပ်နိုင်ရေးအတွက် တိုက်ပွဲများကြောင့် လူမှုအသိုင်းအ ဝိုင်းများအတွက် အလွန်ကြီးမားသော ဖိအားနှင့် မသေချာမှုများ ဖြစ်ပေါ်စေခဲ့သည်။ မိမိတို့၏ ကျေးရွာ များတွင် နေအိမ်၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ပြန်လည်ရရှိလိုသော လူထုအတွက် အခြေအနေသည် ဆက်လက် ခက်ခဲနေဆဲ ဖြစ်သည်။

## တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးတွင် အဖွဲ့ဝင်အဖွဲ့အစည်းများက ဖြစ်ရပ် ၇၀ ခုကို မှတ်တမ်းတင်ထားသည်။ သေဆုံးသူများတွင် အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၁၅ ဦးနှင့် ကလေး ၄ ဦး ပါဝင်သည်။

ဒဏ်ရာရရှိသူများတွင် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၀ ဦးနှင့် ကလေး ၁၅ ဦး ပါဝင်သည်။ ဒဏ်ရာရရှိသူများထဲမှ ၂၇ ဦးမှာ လေကြောင်းတိုက်ခိုက်မှုများကြောင့်ဖြစ်ပြီး သေဆုံးသူအများစုမှာ တရားလက် လွတ်သတ်ဖြတ်မှုများနှင့် မတရားဖမ်းဆီးမှုများကြောင့် ဖြစ်ပွားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်မှုများ တိုးလာနေသည့် ဖြစ်ရပ်များကို HURFOM မှ ဆက်လက် မှတ်တမ်းတင်နေသည်။ ခုခံရေးအဖွဲ့များက HURFOM သို့ ပြောကြားရာတွင် စစ်တပ် သည် အိမ်များကိုသာမက ကျောင်းများ၊ ဘုရားကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် မြင့်မြတ်သည့် ဘာသာရေးနေရာများကိုပါ ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း ဖော်ပြခဲ့သည်။ ရှေ့တန်းတိုက်ပွဲဒေသများနှင့် ဝေးကွာသည့် နေရာများပင် ထိုကဲ့သို့သော အကြမ်းဖက်တိုက်ခိုက်မှုများမှ လုံခြုံမှု မရှိတော့သဖြင့် ဒေသခံ လူမှုအသိုင်းအဝိုင်းများအတွင်း ကြောက်ရွံ့မှုများ ဆက်လက် ရှိနေဆဲဖြစ်သည်။

114. Status of Human Rights & Sanctions in Myanmar: May 2025 Report, Human Rights Now, 1 August 2025

ထို့အပြင် ပြီးခဲ့သည့် ခြောက်လအတွင်း ဒေသခံ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက စစ်တပ်သည် တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်းတွင် စစ်ဆင်ရေးများကို လျင်မြန်စွာ တိုးမြှင့်ပြုလုပ်နေ ကြောင်း သတိပေးခဲ့သည်။ အထူးသဖြင့် ရုရှား၏ အကျိုးစီးပွားများက ထောက်ပံ့ထားသည့် မဟာဗျူ ဟာအရ အရေးပါသော ရင်းနှီးမြှုပ်နှံမှုဒေသဖြစ်သည့် ထားဝယ်အထူးစီးပွားရေးဇုန် (Dawei Special Economic Zone – SEZ) အနီးပတ်ဝန်းကျင်ဒေသများတွင် တပ်ဖွဲ့ အင်အားများ တိုးမြှင့်ပို့ဆောင်ခြင်း နှင့် လေကြောင်းဆိုင်ရာ စစ်ရေးဆောင်ရွက်မှုများ တိုးလာခြင်းတို့ ပါဝင်နေသည်[၁၁၅]။

တနင်္သာရီတိုင်းဒေသကြီးတွင် စစ်တပ်ရှိနေမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် တိုက်ခိုက်မှုများ သို့မဟုတ် အကြမ်းဖက်မှုများအပေါ် မသေချာမှုများကြောင့် စိုးရိမ်ပူပန်မှုများ ဆက်လက် မြင့်တက်နေသည်။

စစ်တပ်သည် ဒေသအပေါ် ထိန်းချုပ်ရန် အသုံးပြုနေသော အဓိကနည်းလမ်းများထဲတွင် အတင်းအဓမ္မ နှင့် အကြောင်းမဲ့ ဖမ်းဆီးမှုများလည်း ပါဝင်သည်။ ပုံမှန် ဧည့်စာရင်း စစ်ဆေးမှုများအပြင် ယခုအခါ ထားဝယ်မြို့တွင် စစ်တပ်တပ်ဖွဲ့များသည် ဖမ်းဝရမ်း ထုတ်ထားသူများ၏ မိသားစုဝင်များနှင့် မိတ်ဆွေများကိုပင် ပစ်မှတ်ထား ဖမ်းဆီးမှုများ ပြုလုပ်လာနေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် စောင့်ကြည့်မှုနှင့် ထိန်းချုပ်မှုများ တိုးလာနေပြီး ဒေသခံများကို စိုး ရိမ် စိတ်ဖြစ်စေသည်။ စစ်တပ်၏ လှည့်လည်စောင့်ကြည့်သည့် တပ်ဖွဲ့များသည် မြို့အတွင်း အင်အား အလုံးအရင်းဖြင့် သွားလာကာ လမ်းမများပေါ်တွင် လူများကို ရပ်တန့်စစ်ဆေး၍ ဖုန်းများကို စစ်ဆေးခြင်းနှင့် မေးမြန်း စစ်ဆေးခြင်းများ ပြုလုပ်နေသည်။ တချို့အခြေအနေများတွင် ဒေသခံများကို ကြောက်ရွံ့စေရန် သတိပေး ပစ်ခတ်မှုများကိုလည်း ပြုလုပ်ခဲ့သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အလယ်ပိုင်းမှ စတင်ပြီး အလားတူ လှုပ်ရှားမှုများကို ထားဝယ်မြို့ရှိ အဝေးပြေးကားဂိတ်နှင့် မြို့သစ်ရပ်ကွက်များတွင်လည်း ပြုလုပ်ခဲ့သည်။ ထိုစစ်ဆေးမှုများအတွင်း တည်းခိုခန်းများ (guesthouses) ကို ဝင်ရောက်ရှာဖွေခဲ့ပြီး ဧည့်စာရင်း မတင်ထားခြင်းကြောင့် အနည်းဆုံး လူ ၁၅ ဦးကို ဖမ်းဆီးခဲ့သည်[၁၁၆]။ ထို့အပြင် ထိုကဲ့သို့သော စစ်ဆေးမှုများအတွင်း ဒေသခံများထံမှ ငွေကြေး တောင်းခံခိုင်းခြင်းများလည်း ရှိကြောင်း ဒေသခံများက ပြောကြားထားသည်။

တိုက်ပွဲများ ပြင်းထန်လာမည်ကို ကြောက်ရွံ့မှုကြောင့် ပယာ၊ ချွေးမဖော၊ ဇာဒီ၊ ခေါင်ပြန်၊ ဒိပ်တကော နှင့် ခရင်းချောင်း စသည့် ကျေးရွာများမှ ဒေသခံများ အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်[၁၁၇]။

115. MYANMAR SAGAING REGION Protecting Health Services from the Impact of Violence: Context Analysis and Recommendations to Mitigate Violence March 2025, Insecurity Insight
116. April 2025 Monthly Overview, Human Rights Foundation of Monland

လက်ရှိတွင် လူထောင်ပေါင်းများစွာသည် လုံခြုံမှုပိုရှိမည်ဟု ယူဆသော နေရာများသို့ ရွှေ့ပြောင်းနေထိုင်ကာ နေရပ်စွန့်ခွာသူများ ဖြစ်လာကြသည်။

ဒေသခံများ၏ ပြောကြားချက်အရ ထိုဒေသများတွင် ဖုန်းလိုင်းနှင့် အင်တာနက်ဝန်ဆောင်မှုများကို စစ်တပ်မှ ဖြတ်တောက်ထားပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိမှုမှာ အလွန်ခက်ခဲလာခဲ့သည်[၁၁၈]။

HURFOM အဖွဲ့၏ မှတ်တမ်းများအရ အဆိုပါ ဖြစ်ရပ်များသည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပိုမိုစိုးရိမ်ဖွယ်ကောင်းသော လှုပ်ရှားမှုပုံစံတစ်ခု ဖြစ်လာနေကြောင်း ပြသနေသည်။ စစ်တပ်ဖွဲ့များ၏ ထပ်ခါထပ်ခါ လေကြောင်းတိုက်ခိုက်မှုများ၊ မြေပြင်တိုက်ခိုက်မှုများနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကြောင့် နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျောင်းများပင် ပစ်မှတ်များ ဖြစ်လာခဲ့သည်။ အကျိုးဆက်အနေဖြင့် လူမှုအသိုင်းအဝိုင်းများ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရပြီး ပြည်သူများသည် မိမိတို့၏ နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မကြာခဏ စွန့်ခွာထွက်ပြေးနေရသည်။ တိုက်ခိုက်မှုတိုင်းနှင့်အတူ မလုံခြုံမှု၊ ဆင်းရဲမွဲတေမှုနှင့် စိတ်ဒဏ်ရာများလည်း ပိုမိုတိုးပွားလာနေသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် လိုအပ်ချက်မှာ အရေးပေါ်လိုအပ်နေသည်။ နေရပ်စွန့်ခွာရသော မိသားစုများ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးများနှင့် အသက်ကြီးရွယ်အိုများသည် အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုံခြုံသော နေရာထိုင်ခင်းများအပါအဝင် အရေးပေါ်အကူအညီများ လိုအပ်နေကြသည်။ တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်နှင့်အမျှ ပစ်ခတ်မှုအကြား ပိတ်မိနေသော ပြည်သူများ၏ နာကျင်မှုနှင့် ခံစားရမှုများလည်း ပိုမိုတိုးပွားလာနေသည်။

## ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တွင် အတင်းအဓမ္မ စစ်မှုထမ်းခေါ်ယူမှုနှင့် ပတ်သက်သည့် ဖြစ်ရပ် ၂ ခုကို မှတ်တမ်းတင်ထားသည်။ စစ်တပ်သည် နိုင်ငံတစ်ဝန်းလုံးတွင် အတင်းအဓမ္မ စစ်မှုထမ်းခေါ်ယူသည့် နည်းလမ်းကို သိသိသာသာ တိုးမြှင့်အသုံးပြုလာခဲ့ပြီး ထိုအခြေအနေကြောင့် ပြည်သူများအကြား ကြောက်ရွံ့မှုနှင့် မတည်ငြိမ်မှုများ ပိုမိုဖြစ်ပေါ်လာစေသည်။

အသက်ငယ်ရွယ်သော အမျိုးသားများသည် မိမိတို့၏ အသက်အန္တရာယ် ထိခိုက်မည်စိုး၍ အိမ်နှင့် မိသားစုများကို စွန့်ခွာကာ စစ်မှုထမ်းရန် ခေါ်ယူခြင်းမှ ရှောင်ရှားရန် တောတောင်များနှင့် ဝေးလံခေါင်သီသည့် ဒေသများတွင် ထွက်ပြေးပုန်းရှောင်နေကြသည်။ စစ်မှုထမ်းရန် ခေါ်ယူမှုကို ရှောင်ရှားပါက အများဆုံး

117. Ibid
118. Ibid

ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ခံရနိုင်ပြီး စစ်မှုထမ်းပြီးနောက် စစ်တပ်မှ ထွက်ပြေးပါက သေ ဒဏ်အထိ ချမှတ်ခံရနိုင်သည်[၁၁၉]။

HURFOM ၏ ဒေတာအရ စစ်တပ်သည် လျော့နည်းလာသော တပ်ဖွဲ့အင်အားကို ပြန်လည်ဖြည့်တင်းရန် အလွန်အမင်း ကြိုးပမ်းနေပြီး ဒေသတွင်းရှိ ပြည်သူများကို ပစ်မှတ်ထားလာကြောင်း တွေ့ရသည်။ ဒေသခံ သတင်းရင်းမြစ်များအရ စစ်သားများသည် လမ်းများပေါ်တွင် မကြာခဏ လှည့်လည်စောင့် ကြည့်ကာ အထူးသဖြင့် အလုပ်မှ အိမ်သို့ ပြန်လာသည့် လူငယ်အမျိုးသားများကို ညနေခင်းအချိန်များ တွင် ရုတ်တရက် ဖမ်းဆီးမှုများ ပြုလုပ်လေ့ရှိကြသည်။

၂၀၂၄ ခုနှစ်တွင် စစ်မှုထမ်းဥပဒေ ကြေညာခဲ့ပြီးနောက်ပိုင်းမှစ၍ လူပေါင်း ၂၃,၀၀၀ ကျော်ကို အတင်းအဓမ္မ စစ်မှုထမ်းရန် ခေါ်ယူခဲ့ကြောင်း သိရသည်[၁၂၀]။

လူငယ်များကို ပစ်မှတ်ထားပြီး ထပ်ခါတလဲလဲ ဖမ်းဆီးနေခြင်းမှသည် စစ်တပ်က ဆုံးရှုံးနေသော စစ်ပွဲအတွက် အဖတ်ဆည်ရန် အရေးပေါ်အခြေအနေဖြင့် ကြိုးပမ်းနေမှုကို ထပ်မံဖော်ပြနေသည်။ သို့သော် ထိုကဲ့သို့သော ဖမ်းဆီးမှုများသည် အလွန်စိုးရိမ်ဖွယ်ရာ ဖြစ်ပြီး စစ်တပ်၏ ထိန်းသိမ်းမှုအောက်တွင် အသက်အန္တရာယ်ကြုံတွေ့နိုင်သည့် နိုင်ငံအတွင်းရှိ လူငယ်အမျိုးသားနှင့် အမျိုးသမီးများကို ကာကွယ် စောင့်ရှောက်ရန် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှ ချက်ချင်း အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်နေသည်။

119. Ibid
120. Myanmar's forced conscription: How the junta targets young men for military service, Radio Free Asia, 30 January 2025

# ဖြစ်ရပ်မှန်လေ့လာမှုများ

## ၁။ နာရေးအိမ်သို့ စစ်တပ်မှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးပြီး ပစ္စည်းဥစ္စာများ ပျက်စီး (HURFOM)

၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်နေ့ ညနေပိုင်းတွင် ကျုံဒိုးမြို့ရှိ LIBအမှတ် (၅၄၅) တွင် တပ်စွဲထားသော စစ် တပ်နှင့် ဂျိုင်းတံတားအနီးရှိ တပ်ဖွဲ့များက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော်ဘောကျေးရွာ ရှိ အရပ်သားနေအိမ်တစ်လုံးကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုအချိန်တွင် ထိုအိမ်၌ နာရေး အခမ်းအနား ကျင်းပနေခဲ့သည်။

ဒေသခံရွာသားများ၏ ပြောကြားချက်အရ လက်နက်ကြီးကျည်သည် နာရေးပြုလုပ်နေသော အိမ်ပေါ်သို့ တိုက်ရိုက်ကျရောက်ခဲ့ပြီး အရပ်သား ၇ ဦး သေဆုံးခဲ့သည်။ ထိုသေဆုံးသူများအနက် မိသားစုတစ်စု တည်းမှ ၅ ဦး ပါဝင်ခဲ့ပြီး ကလေးငယ် ၂ ဦးလည်း ပါဝင်ခဲ့သည်။

ဤဝမ်းနည်းဖွယ် တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့သူများမှာ –

- ဒေါ်တူးတူး (အသက် ၃၇ နှစ်)
- မောင်ဝင်းဝင်းကျော် (အသက် ၁၀ နှစ်)
- အမည်မသိ မိသားစုဝင် တစ်ဦး
- မအိန္ဒြာရာမိုး (အသက် ၅ နှစ်)
- ဦးစိန်သောင်း (အသက် ၄၁ နှစ်)




*၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် မြန်မာစစ်တပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဘောရွာတွင် ပွဲတော်ကျင်းပနေသည့် အရပ်သားအိမ်တစ်လုံးကိုထိမှန်ခဲ့ပြီး ကလေးနှစ်ဦး အပါအဝင် အရပ်သား ခုနှစ်ဦးသေဆုံးခဲ့သည်။ ဓါတ်ပုံ – မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း*

*၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် မြန်မာစစ်တပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၊ ကော့ဘောရွာတွင် ပွဲတော်ကျင်းပနေသည့် အရပ်သားအိမ်တစ်လုံးကိုထိမှန်ခဲ့ပြီး ကလေးနှစ်ဦးအပါအဝင် အရပ်သား ခုနှစ်ဦးသေဆုံးခဲ့သည်။ ဓါတ်ပုံ – မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း*



အသက် ၄၅ နှစ်ရှိ ဦးလင်းသည် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့သည်။ ဖြစ်ရပ်အပြီးတွင် မြင်တွေ့ခဲ့သည့် ဒေသခံတစ်ဦးက –

> *“စစ်တပ်ရဲ့ လက်နက်ကြီးကျည်တစ်လုံးက ကော်ဘောကျေးရွာ အပြင်ဘက်ရှိ နာရေးအိမ်ပေါ်ကို တိုက်ရိုက်ကျရောက်ခဲ့ပါတယ်။ မိသားစုဝင် ၃ ဦးက အဲဒီနေရာမှာပဲ ချက်ချင်း သေဆုံးသွားခဲ့ပါတယ်။ ဒဏ်ရာရသူတွေထဲက ၂ ဦးက ဆေးရုံသွားတဲ့လမ်းမှာ သေဆုံးသွားပြီး နောက်ဆုံးတစ်ဦးကတော့ ဘားအံ အထွေထွေဆေးရုံကို ရောက်ချိန်မှာ သေဆုံးသွားပါတယ်”*

ဟု ပြောကြားခဲ့သည်။

ထို့အပြင် တနေ့တည်းဖြစ်သည့် ဇွန်လ ၁၂ ရက်နေ့ ညနေ ၄ နာရီ ၂၅ မိနစ်ခန့်တွင်လည်း စစ်တပ်သည် ကော့ကရိတ်မြို့နယ် မြောက်ပိုင်းရှိ ကမာရိုက်ကျေးရွာဘက်သို့ လက်နက်ကြီးဖြင့် ထပ်မံ ပစ်ခတ်ခဲ့ သည်။ ထိုပစ်ခတ်မှုကြောင့် အသက် ၅၉ နှစ်ရှိ ဒေသခံရွာသား ဦးမြင့်အောင်သည် ကျည်ထိမှန်ကာ ဒဏ် ရာရရှိခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးသွားခဲ့သည်။

HURFOM အဖွဲ့က ဇွန်လ ၁၃ ရက်နေ့တွင် တွေ့ဆုံမေးမြန်းခဲ့ရာ ဒေသခံသတင်းရင်းမြစ်များ၏ ပြောကြားချက်အရ အဆိုပါ ဖြစ်ရပ်သည် အရပ်သားဒေသများကို ခွဲခြားမှုမရှိ မြင်မြင်သမျှ ပစ်မှတ်ထား တိုက်ခိုက်သည့် နောက်ထပ် သက်သေတစ်ခု ဖြစ်ကြောင်း ဖော်ပြထားသည်။

## ၂။ စစ်တပ်မှ အမျိုးသမီးများကို ရှေ့တန်းသို့ အတင်းအဓမ္မ ပို့ဆောင်၍ အလုပ်စေခိုင်းခြင်း (PYO)

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် ဆန်ကာဒေသ (ထီးခိုကျေးရွာ) တွင် မြို့ကို ပြန်လည်ထိန်းချုပ်ရန် တာဝန်ယူထားသည့် PNO ပြည်သူ့စစ်အဖွဲ့သည် ကျေးရွာအတွင်း ERO တပ်ဖွဲ့များ တည်နေရာ ယူ ပြီးနောက် ဒေသခံများကို ရှေ့တန်းတွင် ကင်းစောင့်ရန် အမိန့်ပေးခဲ့ပြီး အမျိုးသမီးများကိုပါ ထည့် သွင်း ခိုင်းစေခဲ့သည်။

ဒေသခံ အမျိုးသမီးတစ်ဦး၏ ပြောကြားချက်အရ –

*“အပတ်တိုင်း ကျေးရွာသား ၃ဝ ယောက်ကို ရှေ့တန်းမှာ ကင်းစောင့်ခိုင်းပါတယ်။ အမျိုးသားတွေ မရှိရင် မိန်းကလေး တယောက်တည်းနေသူတွေ ဒါမှမဟုတ် မုဆိုးမတွေကို သူတို့အစား သွားရပါတယ်။ ငွေတတ်နိုင်တဲ့သူတွေကတော့ ကိုယ့်အစား လူငှားလို့ရပေမယ့် မတတ်နိုင်တဲ့သူတွေက ကိုယ်တိုင် သွားလုပ်ရပါတယ်”* ဟု ဆိုသည်။

စစ်တပ်နှင့် PNO ပြည်သူ့စစ် အဖွဲ့တို့သည် ကျေးရွာ၏ အရှေ့ဘက်တွင် တပ်စွဲထားပြီး ဒေသခံများကိုလည်း ထိုနေရာရှိ ရှေ့တန်းတွင် အတင်းအဓမ္မ အလုပ်ခိုင်းစေထားသည်။ ထိုအမျိုးသမီးက ထပ်မံပြော ကြားရာတွင်

*“ကျွန်မတို့ရွာက ကောင်လေးတွေတောင် စစ်သင်တန်း မပြီးသေးပါဘူး။ မိန်းကလေးတွေအတွက်ဆို ပိုဆိုးပါတယ်။ အခုတော့ လူတိုင်း နေရပ်စွန့်ခွာပြီး ဒုက္ခသည်တွေလို ဖြစ်နေကြပြီး အလှည့်ကျ ကင်းစောင့်နေရပါတယ်။ ဒါပေမယ့် ရှေ့တန်းသွားကင်းစောင့်ရတဲ့ မိန်းကလေးတွေကိုတော့ ကျွန်မ အရမ်းစိုးရိမ်ပါတယ်၊ ဘာလို့လဲဆိုတော့ သူတို့က သေနတ်ကို ဘယ်လိုသုံးရမယ်ဆိုတာတောင် မသိကြလို့ပါ”* ဟု ပြောသည်။

သူမက ဆက်လက်၍ –

*“အခုအချိန်မှာ စစ်တပ်နဲ့ PNO နှစ်ဖက်စလုံးက ထီးခိုကျေးရွာကို ပြန်ယူချင်နေကြတာကြောင့် ကျေးရွာသားတွေကို သူတို့နဲ့အတူ ကင်းစောင့်ခိုင်းနေပါတယ်။ ကျွန်မတို့ကိုတော့ ထီးရီဘက်မှာ ထားပါတယ်။ ကျွန်မ အရမ်းစိုးရိမ်ပါတယ်၊ ဘာလို့လဲဆိုတော့ ကျွန်မအမေက ဖျားနာနေပြီး အိမ်မှာ တစ်ယောက်တည်းနေပါတယ်။ အဲဒီအချိန်မှာ ကျွန်မညီမက ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေရပြီး လုံခြုံမှုလည်း မရှိပါဘူး”* ဟု ပြောကြားခဲ့သည်။

## ၃။ စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၄ ဦး သေဆုံးပြီး ၈ ဦး ဒဏ်ရာရ (HRDP)

၂၀၂၅ ခုနှစ် ဇွန်လ ၇ ရက်နေ့ ည ၁၀ နာရီ ၁၅ မိနစ်ခန့်နှင့် ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် စစ်တပ်က ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာရှိ စာသင်ကျောင်းအဆောက်အအုံတစ်ခုကို လေကြောင်း မှ နှစ်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုကျောင်းအဆောက်အအုံတွင် နေရပ်စွန့်ခွာလာသော ပြည်သူများ (IDPs) ခိုလှုံနေခဲ့သည်။

တိုက်ခိုက်မှုကြောင့် ကလေးတစ်ဦးအပါအဝင် အရပ်သား ၄ ဦး သေဆုံးခဲ့ပြီး အခြား ၈ ဦး ဒဏ်ရာရရှိ ခဲ့သည်။

ရရှိသော သတင်းအချက်အလက်များအရ ၂၀၂၅ ခုနှစ် ဇွန်လ ၇ ရက်နေ့ ည ၁၀ နာရီကျော်ခန့်တွင် စစ်တပ်၏ လေယာဉ်များက နေရပ်စွန့်ခွာပြည်သူများ ခိုလှုံနေသည့် စာသင်ကျောင်းအပေါ် ဗုံးများ ပစ်ချခဲ့ကြောင်း သိရသည်။ သေဆုံးသူများအနက် မိသားစုတစုမှ ၃ ဦးနှင့် နေရပ်စွန့်ခွာလာသော အမျိုးသမီးတဦး ပါဝင်သည်။

သံတွဲမြို့နယ်ရှိ နေရပ်စွန့်ခွာပြည်သူများကို ကူညီနေသော လူသားချင်းစာနာထောက်ထားမှု အဖွဲ့မှ စေ တနာ့ဝန်ထမ်းတစ်ဦးဖြစ်သည့် “ကိုဘာမော်” (အမည်လွှဲ) က ဒဏ်ရာရသူ ၈ ဦးရှိပြီး ထိုအထဲမှ ၆ ဦးမှာ အရေးပေါ်အခြေအနေဖြစ်ကြောင်း ပြောကြားခဲ့သည်။

စစ်တပ်သည် ည ၁၀ နာရီ ၁၄ မိနစ်ခန့်တွင် တကြိမ်နှင့် ည ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် တကြိမ် စုစုပေါင်း ဗုံး ၂ လုံး ပစ်ချကာ လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ် ပြုလုပ်ခဲ့သည်။ သေဆုံးသူများမှာ ဒေါ်အပု (အသက် ၄၈ နှစ်)၊ ဦးထွန်းထွန်းဝင်း (အသက် ၄၂ နှစ်)၊ ဒေါ်နှင်းဝေခိုင် (အသက် ၄၃ နှစ်) နှင့် မပြေဗိုး (အသက် ၁၂ နှစ်) တို့ ဖြစ်ကြောင်း အတည်ပြုထားသည်။

## ၄။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် အရပ်သားများ နေရပ်စွန့်ခွာရခြင်းနှင့် ပိုင်ဆိုင်မှုများ ဖျက်ဆီးခံရမှု (TWU)

၂၀၂၃ ခုနှစ် မတ်လ ၁၀ ရက်နေ့ နံနက် ၆ နာရီခန့်တွင် စစ်တပ်၏ လက်နက်ကိုင်တပ်ဖွဲ့များသည် ကန်ပနီ တောဘက်မှ ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုအတွင်း ဒေသခံများ လုံခြုံရေးအတွက် မိမိတို့၏ နေအိမ်များမှ ထွက် ပြေးနေစဉ် နေအိမ် ၅ လုံးကို ရည်ရွယ်ချက်ရှိရှိ မီးရှို့ဖျက်ဆီးခဲ့သည်။ မီးရှို့ဖျက်ဆီးခံရသည့် နေအိမ်များ ထဲတွင် ဒေါ်ကြည်ရွှေ၏ နေအိမ်လည်း ပါဝင်သည်။

ကျေးရွာအတွင်း ပစ်ခတ်သံများ ဆက်တိုက် ထွက်ပေါ်နေသဖြင့် မိသားစုများကို ကာကွယ်ရန် ဒေသခံများသည် တောင်ကုန်းဘက်သို့ ထွက်ပြေးခဲ့ကြသည်။ ကျေးရွာအချို့နေရာများတွင် ပစ်ခတ်မှုများကြောင့် အရပ်သားများ၏ အသက်အန္တရာယ်ကို တိုက်ရိုက် ခြိမ်းခြောက်နေခဲ့သည်။ နံနက် ၈ နာရီခန့်တွင် နေရပ်စွန့်ခွာသွားသော ဒေသခံများသည် တောင်ကုန်းပေါ်ရှိ လုံခြုံသည့်နေရာတခုသို့ ရောက်ရှိ ခဲ့ပြီး ထိုနေရာမှ ကျေးရွာဘက်တွင် မီးခိုးများ တက်လာနေသည်ကို မြင်တွေ့ခဲ့ကြသည်။ နောက်ပိုင်း သတင်းအချက်အလက်များအရ ဒေါ်ကြည်ရွှေ၏ နှစ်ထပ်အိမ်အပါအဝင် နေအိမ်များစွာ ပျက်စီးသွား ကြောင်း အတည်ပြုခဲ့သည်။

ပျက်စီးဆုံးရှုံးမှုများတွင် ဆန်စပါး ၁၅၀ တင်းခန့်၊ အသစ်ရိတ်သိမ်းထားသော စပါး ၁ တန်ခန့်၊ အိမ်သုံးပစ္စည်းများနှင့် ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၃၀ ခန့်ရှိသော နေအိမ်တလုံး ပါဝင်သည်။

နေ့လယ် ၁၂ နာရီခန့်တွင် ပစ်ခတ်သံများ တဖြည်းဖြည်း ငြိမ်သက်လာပြီးနောက် စစ်တပ်တပ်ဖွဲ့များ သည် ကျေးရွာမှ ပြန်လည် ဆုတ်ခွာသွားခဲ့သည်။ ထို့နောက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) က နယ် မြေရှင်းလင်းရေး လုပ်ငန်းများ ပြုလုပ်ပြီး ဒေသခံများကို ကျေးရွာသို့ ပြန်လာနိုင်ကြောင်း အသိပေးခဲ့ သည်။ ကျေးရွာသားအချို့မှာ တောအတွင်း တပတ်ခန့် ဆက်လက်နေထိုင်ခဲ့ကြပြီး ဒေါ်ကြည်ရွှေသည် လည်း ကျေးရွာသို့ ပြန်မလာမီ တောင်ကုန်းပေါ်တွင် ၅ ရက်ခန့် နေထိုင်ခဲ့ရသည်။

မီးလောင်ပြီးနောက် အဆောက်အအုံအနည်းငယ်သာ မပျက်စီးဘဲ ကျန်ရှိခဲ့ပြီး ထိုထဲတွင် အိမ်သာတလုံး၊ စပါးကိုဒေါင်အသေးတလုံးနှင့် ရေသိုလှောင်ကန်တခုတို့ ပါဝင်သည်။ ဒေါ်ကြည်ရွှေနှင့် သူမ၏ မိ သားစုသည် မီးလောင်မှုနောက်ပိုင်း ဆွေမျိုးအိမ်တွင် နှစ်လခန့် ယာယီနေထိုင်ခဲ့ရသည်။ ထို့နောက် မီး လောင်မှုမှ ကျန်ရှိသည့် သစ်သားများကို အသုံးပြုကာ မိမိတို့၏ ခြံဝင်းအတွင်း အိမ်ငယ်တလုံး ဆောက်လုပ်၍ ခြောက်လခန့် နေထိုင်နေကြသည်။

ဖြစ်ရပ်မဖြစ်မီက မိသားစုတွင် စပါးအလုံအလောက်ရှိသောကြောင့် ဆန်ဝယ်ယူရန် မလိုအပ်ခဲ့ပေ။ သို့ သော် ယခုအခါ ဆန်တအိတ်လျှင် ကျပ် ၅၀,၀၀၀ ဖြင့် ဝယ်ယူစားသုံးနေရသည်။ မိသားစုဝင်များ၏ အ သက်အရွယ် အိုမင်းလာမှုကြောင့် ယခုအခါ လယ်ယာကို ကိုယ်တိုင် မလုပ်နိုင်တော့သဖြင့် အခြားသူများအား လယ်ယာလုပ်ကိုင်ရန် ငှားရမ်းထားရသည်။

## ၅။ တီးတိန်မြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးများအပါအဝင် လူ ၆ ဦး သေဆုံး (CHRO)

၂၀၂၅ ခုနှစ် ဧပြီလ ၉ ရက်နေ့ ည ၁၁ နာရီခန့်တွင် စစ်အာဏာရှင်တို့၏ လေတပ်က ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်ရှိ စိုက်ဇန်ကျေးရွာကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက် မှုကြောင့် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးများအပါအဝင် မိသားစုဝင် ၆ ဦး သေဆုံးခဲ့ပြီး အ မျိုးသမီးတ

ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ထို့အပြင် နေအိမ် ၃ လုံး လုံးဝပျက်စီးသွားခဲ့ပြီး နေအိမ် ၁၀ လုံးကျော်လည်း ထပ်မံ ပျက်စီးခဲ့သည်။

သေဆုံးသူများမှာ –

- Tg Suan Deih Sian (အသက် ၅ နှစ်)
- Lian Cing Sian Nuam (အသက် ၁၀ နှစ်)
- Tg Kim Deih Piang (အသက် ၁၄ နှစ်)
- Tg Kham Mun Van (အသက် ၁၇ နှစ်)
- Nu Cing Sen Don (အသက် ၄၀ နှစ်)
- Pa Pau Sian Kham (အသက် ၄၃ နှစ်)

ထိုဖြစ်ရပ်သည် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများ၊ အထူးသဖြင့် ကလေးများပင် ထိခိုက်သေဆုံးနေကြောင်းကို ထပ်မံပြသသည့် ဖြစ်ရပ်တခု ဖြစ်သည်။



၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ချင်းပြည်နယ်မြောက်ပိုင်း၊ တီးတိမ်မြို့နယ်ရှိ ဆိုင်ဇန်ရွာကို ဗုံးကြဲတိုက်ခိုက်မှုကြောင့် အိမ်များပျက်စီးသွားခဲ့ပုံ။ ဓါတ်ပုံ – ချင်းလူ့အခွင့်အရေးအဖွဲ့



# အကြံပြုချက်များ

## ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးကောင်စီနှင့် လုံခြုံရေးကောင်စီသို့

၁။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (ICC) သို့ ချက်ချင်းလွှဲပြောင်းတင်ပြပြီး အရပ်သားများအပေါ် စစ်တပ်က ကျူးလွန်ခဲ့သော အစုလိုက်အပြုံ လိုက် ရာဇဝတ်မှုများကြောင့် ထိခိုက်နစ်နာခဲ့သော ပြည်သူများအတွက် တရားမျှတမှု ရရှိနိုင်မည့် လမ်း ကြောင်းများအားလုံးကို ဆက်လက်သုံးသပ် စဉ်းစားပေးရန်။

၂။ စစ်တပ်မှ လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်အသုံးပြုနေခြင်းကို တားဆီးနိုင်ရန် လေယာဉ်ဆီ (aviation fuel) ပိတ်ဆို့ဒဏ်ခတ်မှုများကို ချမှတ်ကာ ထိရောက်စွာ အကောင်အထည်ဖော်ရန်။

၃။ မြန်မာနိုင်ငံတွင် မြေပြင်ပေါ်ရှိ လူ့အခွင့်အရေးအခြေအနေ ပိုမိုဆိုးရွားလာနေမှုကို အသိအမှတ်ပြုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချက်ချင်း အတည်ပြုချမှတ်ပြီး စစ်ပွဲဒဏ်ခံနေရသော နိုင်ငံအတွင်းသို့ လက်နက်များ လွတ်လပ်စွာ ဝင်ရောက်နေမှုကို ရပ်တန့်စေရန် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှုအား ပိတ်ပင်မှု (global arms embargo) ကို ချမှတ်ကာ ပြင်းထန်သော အရေးယူမှုများ ဆောင်ရွက်ရန်။

၄။ မြေပြင်တွင် လုပ်ဆောင်နေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးကာကွယ်သူများကို ထောက်ပံ့ကာ စစ်တပ်က ကျူးလွန်နေသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများ (crimes against humanity) နှင့်ပတ်သက်သည့် အထောက်အထားများနှင့် မှတ်တမ်းများကို ဆက်လက် စုဆောင်းနိုင်ရေးအတွက် အားပေးထောက်ပံ့ရန်။

၅။ မြန်မာနိုင်ငံရှိ အခြေအနေကို အကဲဖြတ်နိုင်ရန် စောင့်ကြည့်ရေးအဖွဲ့ (monitoring team) တဖွဲ့ကို ချက်ချင်း စေလွှတ်ရန်။

၆။ ကလေးသူငယ် ကာကွယ်ရေးနှင့် ပတ်သက်သော အဖွဲ့အစည်းများ အထူးသဖြင့် UNICEF သည် စစ်တပ်၏ ရာဇဝတ်မှုများကြောင့် ထိခိုက်ခံရသော ကလေးသူငယ်များအတွက် အရေးဆိုပေးကာ ၎င်း တို့၏ မတရားသတ်ဖြတ်မှုများကို စုံစမ်းစစ်ဆေးရန် တောင်းဆိုသင့်သည်။ ထို့အပြင် ကလေးများသည် ပစ်မှတ်မဟုတ်ကြောင်းကို အနာဂတ်တွင် စံနမူနာတစ်ရပ်အဖြစ် တည်ထောင်နိုင်ရန် လိုအပ်သော ယန္တရားများကို တည်ဆောက်သင့်သည်။

## အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) သို့

၁။ ASEAN အဖွဲ့ဝင်နိုင်ငံများသည် အကြမ်းဖက်မှု၊ နိုင်ငံရေးအကျဉ်းသားများနှင့် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများမှ ချုပ်ငြိမ်းသော မြန်မာနိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ရန် ယုံကြည်ထား သည့် အမျိုးသားညီ ညွတ်ရေးအစိုးရ (NUG) နှင့် အခြားသက်ဆိုင်ရာ ဒီမိုကရေစီ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရမည်။

၂။ စစ်တပ်မပါဝင်သော မြန်မာပြည်သူများမှ တင်ပြလာသော ငြိမ်းချမ်းရေးကို အခြေခံသည့် ဖြေရှင်းချက်များကို ကူညီရမည်။ နိုင်ငံအတွင်း ငြိမ်းချမ်းရေးအတွက် အမှန်တကယ် ကြိုးပမ်းလိုပါက ASEAN သည် စစ်တပ်နှင့် ဆက်လက် ဆွေးနွေးမှုများကို ရပ်တန့်ရမည်။

၃။ ပြဿနာများစွာရှိနေသော 'ဘုံသဘောတူချက် ၅ ချက်' (5–Point Consensus) ကို ချက်ချင်း ရပ်ဆိုင်းသင့်ပြီး ပြုပြင်ပြောင်းလဲမှုများ အမှန်တကယ် တိုးတက်နိုင်စေရန် ချဉ်းကပ်နည်းအသစ်တခုကို စဉ်းစားသင့်သည်။

၄။ ASEAN သည် နိုင်ငံခြား ဝင်ငွေများနှင့် လက်နက်များအပါအဝင် စစ်ရေးပစ္စည်းများ ဝယ်ယူနိုင်သည့် စွမ်းအားကို ကန့်သတ်သည့် ဆောင်ရွက်ချက်များကို ထောက်ခံပေးရမည်။

၅။ ASEAN သည် ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းဝယ်ရေး ပိတ်ပင်မှု (global arms embargo) အပါ အဝင် ကုလသမဂ္ဂက ချမှတ်သော ဆုံးဖြတ်ချက်များကို ထောက်ခံကာ အပြစ်မဲ့ပြည်သူများအပေါ် စစ် တပ်၏ တိုက်ခိုက်မှုများကို ထိရောက်စွာ ရပ်တန့်စေရန် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ကြောင်း ပြသရမည်။

၆။ ASEAN သည် စစ်တပ်က စီစဉ်ထားသော ယုံကြည်စိတ်ချရန် အကြောင်းမရှိသည့် အတုအယောင် ရွေးကောက်ပွဲကို ထပ်ကာ ထပ်ကာ ပြစ်တင်ရှုတ်ချရမည်။

## အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းသို့

၁။ မြန်မာစစ်တပ်နှင့် ၎င်းတို့က တရားဝင်ကိုယ်စားလှယ်ဟု အခိုင်အမာဆိုသော မည်သည့်ကိုယ်စားလှယ်နှင့်မျှ ထိတွေ့ဆက်ဆံမှု မပြုလုပ်ရန်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အရေးအရာများ၊ အစည်း အဝေးများ၊ ဆွေးနွေးပွဲများနှင့် ထိပ်သီးအစည်းအဝေးများတွင် စစ်တပ်အရာရှိများ၏ ကိုယ်စားပြု တက်ရောက်မှုကို တင်းကျပ်စွာ တားမြစ်ရမည်။ နိုင်ငံ၏ ဦးဆောင်မှုနှင့် ဆက်သွယ်ဆောင်ရွက်ရန် အားလုံးကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့်သာ ဆောင်ရွက်သင့်သည်။

၂။ မြန်မာစစ်တပ်၏ ခေါင်းဆောင်များနှင့် စစ်သားများအပေါ်သာမက ၎င်းတို့၏ မိသားစုများအပေါ်ပါ ထိရောက်သော ဒဏ်ခတ်ပိတ်ဆို့မှုများကို ချက်ချင်း တိုးမြှင့်ဆောင်ရွက်ရန်။

၃။ လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်နေသော လူမှုအသိုင်းအဝိုင်းများသို့ အကူအညီများ လုံခြုံစိတ်ချစွာနှင့် လွတ်လပ်စွာ ရောက်ရှိနိုင်ရန် ကန့်သတ်ချက်များကို ဖယ်ရှားပေးရန် တောင်းဆိုမှုများကို အားပေးထောက်ခံရန်။

၄။ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထိခိုက်နစ်နာခံရသူများနှင့် မြေပြင်တွင် လုပ်ဆောင်နေသော အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရသော တာဝန်ယူမှုဆိုင်ရာ ယန္တရားများကို အသုံးပြုနိုင်စေ ရန် အပြည်ပြည်ဆိုင်ရာ ကာကွယ်ရေးစနစ်များကို ပိုမို ခိုင်မာအောင် ဆောင်ရွက်ရန်။

၅။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင် နယ်စပ်ဒေသများနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော အရေးပေါ်အခြေအနေများကို ကူညီဖြေရှင်းရန် ဒေသခံ လူမှုအဖွဲ့အစည်းများနှင့် နယ်စပ်ဖြတ်ကျော် အကူ အညီပေးမှုများကို ထောက်ပံ့ပေးရန်။

၆။ ဒေသခံအဖွဲ့အစည်းများနှင့် လူမျိုးစုနိုင်ငံရေးပါတီများနှင့် ပိုမို ပွင့်လင်းမြင်သာပြီး ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကာ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိစေရန်နှင့် နိုင်ငံ၏ ရှုပ်ထွေး သော ပြဿနာများကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းသင့်သည်။ ထိုဖြေရှင်းချက်များသည် စစ်တပ်၏ ဆန္ဒ များအစား ဒေသခံပြည်သူများ၏ ဆန္ဒများနှင့် ကိုက်ညီရမည်။

၇။ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်း လွှတ်ပေးရန်နှင့် ၎င်းတို့အပေါ် စွဲဆိုထားသော အမှုများကို ခြွင်းချက်မရှိ ချက်ချင်းပယ်ဖျက်ရေးအတွက် ဆက်လက် တောင်းဆိုရန်။

၈။ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးအတွက် တရားမျှတမှု ရရှိစေရန် ကုလသမဂ္ဂမှ တာဝန်အပ်နှင်းထား သည့် စုံစမ်းစစ်ဆေးမှုများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

# တိုက်ပွဲအတွင်းမှ သွေးစည်းညီတ်မှု

## မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေကို သုံးသပ်ခြင်း

# 2025

ဇန်နဝါရီလ မှ ဇွန်လ အတွင်း



ND-Burma ၏ အဖွဲ့ဝင် ၁၃ ဖွဲ့တို့သည် တိုင်းရင်းသား၊ အမျိုးသမီး၊ လူငယ်နှင့် နိုင်ငံရေးအကျဉ်းသား ဟောင်းများကို ကိုယ်စားပြုသည်။ ၂၀၀၄ ခုနှစ်တွင် ND-Burma ကို စတင်ဖွဲ့စည်းခဲ့သည့် အချိန်မှစပြီး အဖွဲ့ဝင်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေပြီး ကျူးလွန်ခံရသည့်သူများ ကိုယ်စားတိုက်တွန်းစည်းရုံးမှုများ ဆောင်ရွက်နေသည်။ ND-Burma တွင် အဖွဲ့ဝင် ၁၀ ဖွဲ့နှင့် ဆက်စပ် အဖွဲ့ဝင် ၃ ဖွဲ့ရှိသည်။

လူ့ အ ခွ င့် အ ရေး မှတ် တမ်း ကွန် ရက် - မြန် မာ နိုင် ငံ


office@ndburma.org https://www.facebook.com/theNDBurma www.ndburma.org

https://x.com/DocumentationNd https://www.youtube.com/@NDBurma